# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ကုန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလကွယ်နေ့ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ တနင်္လာနေ့ အတွဲ (၆၂)၊ အမှတ်(၂၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုဖူးမြော်စဉ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ယာယီသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏**

*စာမျက်နှာ ၃ ကော်လံ ၁* ✻

ယနေ့ *ဖတ် စ ရာ*

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၁၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ ပြည်တွင်းသတင်း စာ ၂

သာသနာတော်အကျိုးထူးခြားစွာသယ်ပိုး အများပြည်သူ ပီတိအဟုန်တိုး၍ ငြိမ်းချမ်းသာယာ ဆောင်းပါး စာ ၁၀

ဖြိတိန်နိုင်ငံကို ပစိဖိတ်ဖြတ်ကျော် ကုန်သွယ်ရေး သဘောတူညီချက်တွင် ပါဝင်ရန် တရားဝင်အတည်ပြု နိုင်ငံတကာသတင်း စာ ၁၃

## နိုင်ငံ့စီးပွား မြင့်မားတိုးတက်ဖို့ ပြည်တွင်းကုန်ထုတ်လုပ်မှု မြှင့်တင်စို့

နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဇူလိုင် ၁၅ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၌ ကျင်းပရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် အဓိကကျသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များကို ဖိတ်ခေါ်၍ အစည်းအဝေး တက်ရောက်စေခဲ့သည်။ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် လူဦးရေအရ များပြားသည့်၊ အဓိကသီးနှံများ စိုက်ပျိုးထုတ်လုပ်သည့်၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများတွင် အားအကောင်းဆုံးသော ဒေသများဖြစ်ကြသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် "မိမိတို့ နိုင်ငံ၏ ဂျီဒီပီမှာ မိမိတို့နိုင်ငံ၏ ရေမြေသဘာဝနှင့် တူညီသည့် ဒေသတွင်းနိုင်ငံများ၏ ဂျီဒီပီနှင့်နှိုင်းယှဉ်ပါက များစွာကွာခြားလျက်ရှိနေသေးကြောင်း၊ ဂျီဒီပီတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေသူများအားလုံး လုပ်ငန်းများအလိုက် အောင်မြင်အောင်ဆောင်ရွက်လိုစိတ်ရှိရန်လိုကြောင်း။" ထည့်သွင်းပြောကြားခဲ့သည်။ ဂျီဒီပီ (Gross Domestic Product) ဟူသည် တစ်နှစ်တာကာလအတွင်း ပြည်တွင်း၌ ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ စုစုပေါင်း ငွေကြေးတန်ဖိုးဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးအတက်အကျကို ပြဆိုသည့် အညွှန်းကိန်းလည်း ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကမ္ဘာတစ်လွှားအရှိန်အဟုန်ဖြင့် ကူးစက်ပျံ့နှံ့လာခြင်း၊ ရုရှား-ယူကရိန်းစစ်ပွဲဂယက်ကြောင့် လောင်စာဆီနှင့် စားသောက်ကုန်များ ဈေးနှုန်းမြင့်တက်လာခြင်း စသည့်အကြောင်းများကြောင့် ကမ္ဘာ့စီးပွားရေးအပေါ်တွင် ဆိုးဆိုးရွားရွား ရိုက်ခတ်မှုများရှိခဲ့ရာ မိမိတို့မြန်မာနိုင်ငံမှာလည်း ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ခန့်မှန်းချက်အရ ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၁ ဒသမ ၈ ရာခိုင်နှုန်းသာ ရရှိခဲ့ပြီး ဂျီဒီပီတန်ဖိုး ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်ဟု ဆိုသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ၇ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် ၁၂ ရာခိုင်နှုန်း၊ လက်လီလက်ကား အရောင်းလုပ်ငန်းကဏ္ဍတွင် ၁၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် ၄၃ ရာခိုင်နှုန်းအထိ လုပ်ငန်းများ ယာယီပိတ်သိမ်းသွားခဲ့ရကြောင်းလည်း သတင်းများတွင် တွေ့ရှိရသည်။

မျက်မှောက်ကာလ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးနှင့် စီးပွားရေးအကျပ်အတည်းအပြင် မိမိတို့ နိုင်ငံအနေဖြင့် ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုကလည်း နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်နည်းတစ်ဖုံ ထိခိုက်စေသည်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံစားခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထရမည့်ကာလတွင် ပြည်တွင်းပြည်ပ အဖျက်လုပ်ရပ်များကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။ စီးပွားရေးကျဆင်းမှု၊ ငွေကြေးဖောင်းပွမှုများ၏ ဒဏ်ကို တစ်ကမ္ဘာလုံးခံစားကြရသည့်အခါတွင် ဖွံ့ဖြိုးမှု နိမ့်ကျသည့် နိုင်ငံများက ပို၍ခံစားကြရသည်။ အခက်အခဲ၊ အကျပ်အတည်းများကြားမှ ပြည်တွင်းစုစုပေါင်း ထုတ်ကုန်တန်ဖိုးတိုးတက်လာရေးအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ အားလုံးတို့က ကဏ္ဍအလိုက် မြှင့်တင်သွားနိုင်ရန် အစွမ်းကုန်ကြိုးစားကြရမှာဖြစ်သည်။

နိုင်ငံကုန်ထုတ်လုပ်မှု (ဂျီဒီပီ) မြှင့်တင်ရေးတွင် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည် လူ့စွမ်းအားအရင်းအမြစ်နှင့် ရေ၊ မြေ၊ သယံဇာတအရင်းအမြစ်များ ကြီးမားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကုန်ထုတ်လုပ်ငန်းများ အဓိကဆောင်ရွက်နိုင်စွမ်းရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များပင်ဖြစ်သည်။ နိုင်ငံ့စီးပွား မြင့်မားတိုးတက်ရေးတွင် ကုန်ထုတ်လုပ်မှု မြှင့်တင်ရေးသည် အဓိကပင်ဖြစ်ရာ မိမိတို့၏ သယံဇာတအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာ အသုံးချကာ ဒေသအလိုက်၊ ကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုများ မြင့်မားအောင် မြှင့်တင်နိုင်ကြပါစေကြောင်း။ ။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) တို့ကို အခမဲ့ဖွင့်လှစ်ပြသမည်

ရန်ကုန် ဇူလိုင် ၁၆

၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် အာဇာနည်နေ့တွင် အထူးပြပွဲအဖြစ် ဗဟန်းမြို့နယ် ဗိုလ်ချို (၂) ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) ကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၇ နာရီမှ ညနေ ၅ နာရီ အချိန်အတွင်း အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်းနှင့် အလားတူ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်များရုံး (ယခင်ဝန်ကြီးများရုံး) ကိုလည်း ဇူလိုင် ၁၉ ရက်တွင် နံနက် ၈ နာရီမှ ညနေ ၄ နာရီ အထိ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးပိုလာမည်

နေပြည်တော် ဇူလိုင် ၁၆

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ

## အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ၏ ဒေသအလိုက် ရိုးရာအစားအသောက်များပွဲတော် ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ၏ ဒေသအလိုက် ရိုးရာအစားအသောက်များကို လူအများသိရှိလာစေရန်၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုများ ဖလှယ်၍ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာ အားကောင်းလာစေရန်၊ ပြည်တွင်းအငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဇူလိုင် ၁၅ ရက်က မြန်မာ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (MYAN-WEN) နှင့် Indian Women's Association of Yangon တို့ ပူးပေါင်းကျင်းပသည့် India-Myanmar Traditional Food



Festival ကို ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ India Centre ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Shri Vinay Kumar, Indian Women's Association Yangon ဥက္ကဋ္ဌ Mrs. Iona Sinha, ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာစီးပွားရေး လုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစုလှဟန်တို့က ဆီမီးထွန်းညှိကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ)

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် ဒုတိယဥက္ကဋ္ဌနှင့် Indian Women's Association ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြပြီးနောက် အိန္ဒိယ၊ မြန်မာနှစ်နိုင်ငံ ရိုးရာအကများဖြင့် ဖျော်ဖြေကြောင်း သိရသည်။

မျိုးမင်းသူရ

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၁၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၂၃ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၁၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်ဖွန်းမုန်တိုင်း "တာလင်း" ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇူလိုင် ၁၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း "တာလင်း" Talim သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဇူလိုင် ၁၇ ရက်တွင် တိုင်ဖွန်းမုန်တိုင်း "တာလင်း" Talim အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**



ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှင်းလင်းပြသစဉ်။



အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လက်ခံရယူစဉ်။



*❊ ရှေ့ဖုံးမှ*

**ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်စ**သည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ခဲ့မှု၊ ကျောက်တုံးတော်ကြီးများ တူးဖော်ခြင်းလုပ်ငန်းကို စနစ်တကျဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု၊ ကျောက်တုံးတော်ကြီးအား ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒြာ ဆင်းတုတော်ကြီးအဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှု၊ ရုပ်ပွားတော်ကြီး ထုဆစ်မည့် ဆင်းတုတော်အပိုင်းများနှင့် ပလ္လင်တော်အပိုင်း ကျောက်တုံးတော်ကြီးများကို အပိုင်းလိုက်ခွဲ၍ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် အခက်အခဲများကြားမှ အဆင့်ဆင့်ပင့်ဆောင်ခဲ့မှု၊ ကမ္ဘာ့အလေးချိန်အများဆုံး ရေလမ်းခရီးသယ်ဆောင်မှုနှင့် ကုန်းလမ်းခရီးသယ်ဆောင်မှုဖြစ်ခဲ့သည့် အခြေအနေများ၊ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီး အဆင့်ဆင့် တည်ဆောက်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့မှု၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိမှု၊ မုစလိန္ဒနဂါးရုံဘုရား တည်ထားရာတွင်လည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့် ပိဋကတ်တော်လာ အဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထားကိုးကွယ်ခဲ့မှု၊ ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန်နှင့် Tablet များဖြင့် ထည့်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိမှု။

**အဆင့်ဆင့်တိုးတက်လာမှု မှတ်တမ်းများ**

မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ခဲ့မှု၊ ပလ္လင်တော်အပိုင်းများကို အဆင့်ဆင့် တွဲဆက်ခဲ့မှု၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု မှတ်တမ်းများ၊ ဘုရားဖူးလာပြည်သူများ အနားယူနိုင်ရန်အတွက်

*စာမျက်နှာ ၄ သို့*



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို အခမ်းအနားတက်ရောက်လာကြသူများအား ရှင်းလင်းပြသစဉ်။




အခမ်းအနားတက်ရောက်လာကြသူများ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနဒ္ဓဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီး တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုဖူးမြော်စဉ်။

*စာမျက်နှာ ၃ မှ*

သုဓမ္မာဇရပ်များ တည်ဆောက်ထားရှိမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများအလိုက် CNC စက်ဖြင့် အဆင့်ဆင့်ထုဆစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် ကျည်းပင်များ စိုက်ပျိုးထားရှိမှု၊ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများအား အဆင့်ဆင့်တွဲဆက်ခဲ့မှုများ ဆောင်ရွက်ခဲ့မှု၊ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူ ကြည်ညိုနိုင်ရေး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု၍ ကျောက်စာရုံစေတီများ တည်ထားမှု၊ ဆင်းတုတော်ကြီး၏ အပိုင်း(၁၂၃)တို့အားတွဲဆက်၍ ပင့်ထောင်ခြင်းလုပ်ငန်းနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှု၊ ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများ ဆောင်ရွက်ခဲ့မှုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်ခဲ့မှု၊ ဆင်းတုတော်အပိုင်းကြီးများကို အဆင့်ဆင့်ပင့်ဆောင်ခြင်းလုပ်ငန်းများကို *စာမျက်နှာ ၅ သို့*

**❍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့မှု၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိ**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ နဂါးရုံဘုရား တည်ဆောက်ပြီးစီးမှုကို အခမ်းအနားတက်ရောက်လာကြသူများအား ရှင်းလင်းပြသစဉ်။




ယာယီသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လုမ္ဗိနီအင်ကြင်းပင်ကို စိုက်ပျိုးစဉ်။





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လုမ္ဗိနီအင်ကြင်းပင်ကို စိုက်ပျိုးစဉ်။

*စာမျက်နှာ ၄ မှ*

ဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာအခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်သော သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနဝ္ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားမှုအခြေအနေများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဥဏ္ဏာလုံမွေးရှင်တော်မြတ် တပ်ဆင်ပူဇော်ခဲ့မှု၊ ရုပ်ပွားတော်မြတ်ကြီးရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ် ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများ အဆင့်ဆင့်တိုးတက်လာမှု၊ ရင်ပြင်တော်ကြီး တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ဂန္ဓကုဋီတိုက်များ တည်ဆောက်ထားရှိမှု၊ သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်ရာတွင် အဆင်ပြေမှုရှိစေရေး စက်လှေကား ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မဟာဗောဓိပင်စိုက်ပျိုးထားရှိမှုနှင့် လင်းလွန်းပင်နှင့် အင်ကြင်းတော စိုက်ပျိုးဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများ အဆင့်ဆင့်တိုးတက်လာမှု၊ ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားကျင်းပရန် ပြင်ဆင်နေမှုနှင့် ဘုရားကြီးတည်ဆောက်ပြီးစီးပါက တွေ့ရှိရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**အလှူငွေများ ပေးအပ်လှူဒါန်း**

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းလာသဖြင့် ကြားဖြတ်အစီအစဉ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မတည်အလှူငွေများ စုပေါင်းလှူဒါန်းကြခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဘုရားကြီးနှင့် ဗုဒ္ဓဥယျာဉ်ပုံစံငယ်များ၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ထားမှုနှင့် Tablet များအတွင်း ထည့်သွင်းထားရှိမှုများကို ကြည့်ရှုကြသည်။



နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လုမ္ဗိနီအင်ကြင်းပင်ကို စိုက်ပျိုးစဉ်။

**လုမ္ဗိနီအင်ကြင်းပင် စိုက်ပျိုး**

ၚင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် လုမ္ဗိနီအင်ကြင်းပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

**လှည့်လည် ကြည့်ရှုဖူးမြော်**

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂွမြို့နယ်၌ တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်

**ဂွ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် ဂွမြို့နယ်၌ တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နည်ကျော်က မေလအတွင်း မိုခါမုန်တိုင်းဝင်ရောက်၍ ဟင်းသီးဟင်းရွက်စိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုရှိသည့်အတွက် အမြန်ဆုံးပြန်လည်အစားထိုးနိုင်ရန် မျိုးစေ့များ ပေးအပ်ရခြင်းဖြစ်ကြောင်း၊ မျိုးစေ့များကို မြို့နယ်အတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ မီးဖိုချောင်သုံးစရိတ်သက်သာစေပြီးကိုယ်တိုင်စိုက်ပျိုးထားသည့်အတွက် ဓာတုကင်းလွတ်သီးနှံဖြစ်ပြီး အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေသည့်အတွက် တောင်သူများအနေဖြင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို အလေအလွင့်မရှိအောင် စနစ်တကျ စိုက်ပျိုးကြစေလိုကြောင်း ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ထွန်းလင်းက ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံ မျိုးစေ့ပေါင်း ၁၉ မျိုး စုစုပေါင်း မျိုးစေ့ထုပ် ၁၉၅၂ ထုပ် ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ရွှေရည်ဝင်းကျော်(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်း

**ဆီဆိုင် ဇူလိုင် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဆီဆိုင်မြို့နယ်တွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများနှင့် မိတ်ဆက်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များ ချပြရှင်းလင်းခြင်းကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် ဗိုလ်မှူးအောင်ဇေယျက တင်ဒါအောင်မြင်သည့်ကုမ္ပဏီများအား လုပ်ငန်းစံချိန်စံညွှန်းနှင့် အရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထျာရယ်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆီဆိုင်မြို့နယ်တွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက စုစုပေါင်း တင်ဒါအောင်မြင်ငွေကျပ်သန်း ၆၇၃ ဒသမ ၄၄၆၀ ဖြင့် မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(ဆီဆိုင်)**



# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၁၂) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး တက်ရောက်

နေပြည်တော် ဇူလိုင် ၁၆

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ အလှည့်ကျပူးတွဲဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆလုံးဆေးကိုမာဆစ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ယနေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်သည်။




အစည်းအဝေး၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆလုံးဆေးကိုမာဆစ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။ ထို့ပြင် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရ၏ အကြီးတန်းအကြံပေး ဒေါက်တာ ဆုတ်ခ်စီဖားနား၊ ထိုင်းဘုရင့်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ်(ဒ်)ဝိနိုင်း တို့ အစည်းအဝေးသို့ လူကိုယ်တိုင် တက်ရောက်ကြကာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗွီသန်းစွန်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးများသည် **အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အမြန်လမ်းစီမံကိန်း**နှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုနှင့် အလားအလာများကို ပြန်လည်သုံးသပ်ကြပြီး မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစည်းအဝေး၌ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ၌ ဦးဆောင်နိုင်ငံ ထားရှိမည့်စနစ်ကို အကောင်အထည်ဖော်သွားရေးနှင့် မဲခေါင် - ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးကောင်စီ ထူထောင်သွားရေးတို့ကို သဘောတူညီခဲ့ကြသည်။ အစည်းအဝေးရလဒ်အဖြစ် (၁၂) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ **ပူးတွဲထုတ်ပြန်ချက်** ကို အဖွဲ့ဝင်နိုင်ငံများ၏ တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံသည် မဲခေါင် - ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ အလှည့်ကျပူးတွဲဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံရယူသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆက်လက် ဆောင်ရွက်ကြမည်ဖြစ်သည်။

(၁၂) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု၏ အမြဲတမ်းပူးတွဲဥက္ကဋ္ဌဖြစ်သည့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ က မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၀၀ ပြည့်နှစ်တွင် စတင်ထူထောင်ခဲ့သည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ဖြစ်ပြီး ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပိုမိုရှင်သန်ခိုင်မာစေရေး ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုတွင် အိန္ဒိယနိုင်ငံနှင့် မဲခေါင်ဒေသခွဲ နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**





အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ က မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို) အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၆

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) ၌ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို) အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။**

တွေ့ဆုံပွဲသို့ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) သည် ၁၉၁၈ ခုနှစ်တွင် "မြန်မာနိုင်ငံ ပန်းချီအသင်းကြီး" (Burma Art Club) အဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၀၅ နှစ် သက်တမ်းရှိသည့် အစည်းအရုံးကြီးတစ်ခု ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) သည် ခေတ်သမိုင်းအဆက်ဆက်တွင် ပန်းချီပညာရှင်များနှင့် ပန်းချီလောက၏ အကျိုးအပါအဝင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကိုပါ တစ်ဖက်တစ်လမ်းမှ ကူညီ ဆောင်ရွက်ခဲ့သော အစည်းအရုံးကြီး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး အမှုဆောင်အသစ် ရွေးချယ်ခြင်းကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပ၍ ပြန်လည်ရွေးချယ် ဖွဲ့စည်းခဲ့ပါကြောင်း၊ အမှုဆောင်အဖွဲ့အသစ်အနေဖြင့် အစည်းအရုံးကြီးကို ယခုထက် ပိုမိုတိုးတက်အောင်မြင် အောင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ အစည်းအရုံး၏ ရငွေ၊ သုံးငွေ စသည့် ဘဏ္ဍာရေး ကိစ္စရပ်များကို ဘဏ္ဍာရေးဆိုင်ရာ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပြီး တစ်နှစ်တစ်ခါ စာရင်းစစ်ဆေးမှု ခံယူနိုင်ရေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးမိုးကျော်သန့်နှင့် တာဝန်ရှိသူများက ပန်းချီပန်းပု အစည်းအရုံး(ဗဟို) အနေဖြင့် ပန်းချီ၊ ပန်းပု ပညာရှင်များ၏ အကျိုးကိုရှေ့ရှု၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ပန်းချီပန်းပု အစည်းအရုံးအနေဖြင့် ပန်းချီ၊ ပန်းပု ပညာရပ်ဆိုင်ရာ တိုးတက်မြင့်မားစေရန် သာမက ပန်းချီ၊ ပန်းပု လောကသားများ၏ အကျိုးစီးပွား အတွက်လည်း တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း၊ ထို့ပြင် ရိုးရာပန်းဆယ်မျိုး ပညာရပ်များ တိမ်ကောပပျောက်မှု မရှိစေရေး ထိန်းသိမ်းစောင့်ရှောက်စေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် (ဒ်)ဝီနိုင်းတို့နှင့် သီးခြားစီ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဘင်းမ်စတက် နိုင်ငံခြားရေး ဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ် ဂျိုင်ရှန်ကာနှင့် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် (ဒ်)ဝီနိုင်းနှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင်လည်းကောင်း သီးခြားစီ တွေ့ဆုံသည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်း ပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးတို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား နှစ်နိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေး၊ ပေါင်းစည်းချိတ်ဆက်မှုကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေး၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘင်းမ်စတက် အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့် ခိုင်မာရေး၊ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး၊ အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် သာစည်ဘူတာယာဒ်ဝင်းနှင့် မိတ္ထီလာ - မြင်းခြံ ရထားလမ်းပိုင်း ပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

မိတ္ထီလာ ဇူလိုင် ၁၆

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သာစည်ဘူတာ ဘူတာယာဒ်ဝင်းနှင့် စက်ခေါင်းပြင်စက်ရုံ (သာစည်) တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရထားစီး ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။**

ထို့နောက် သာစည်ဘူတာသို့ ဆိုက်ရောက်လာသည့် ရန်ကုန် - မန္တလေး အမှတ် (၃) အဆန် အမြန်ရထားပေါ်သို့ တက်ရောက်စစ်ဆေးပြီး ရထားစီး ခရီးသွားပြည်သူများ သန့်ရှင်းသပ်ရပ်စွာ လိုက်ပါစီးနင်းနိုင်ရေးနှင့် ရထားပေါ်ရှိ သန့်စင်ခန်းများကို သန့်ရှင်းစွာ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာ - မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင် ပြုပြင်နေမှုအခြေအနေကို RBE ရထားဖြင့် လိုက်ပါစီးနင်းကြည့်ရှုစစ်ဆေးပြီး ရထားလမ်းအတွင်း ကွန်ကရစ်ဇလီဖားတုံးများ သတ်မှတ်အကွာအဝေးအတိုင်း ထည့်သွင်းရန်၊ အရည်အသွေးပြည့်မီသော လမ်းခင်းကျောက်များ သတ်မှတ် စံချိန်စံညွှန်းအတိုင်း ထည့်သွင်း၍ ပက်ကင်ရိုက်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်၊ ရထားလမ်းတာပေါင်ကျဉ်းသော နေရာများ၊ ရေတိုက်စားထားသော နေရာများတွင် လမ်းပိုင်းကြံ့ခိုင်မှု ကောင်းမွန်အောင် ပြုပြင်ဆောင်ရွက်သွားရန်၊ မိတ္ထီလာ - မြင်းခြံ ရထားလမ်းပိုင်း တံတားနေရာများပေါ်ရှိ ဆွေးမြည့်နေသည့် သစ်သားဇလီဖားတုံးများကို အမြန်လဲလှယ်သွားရန်၊ ရထားလမ်းဘေးရှိ မြက်၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။



ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းကလည်း မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း (၄၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု အမှာစကားပြောကြားပြီး ကျောင်းဝင်းအတွင်းရှိ ရထားသင်တန်းသရုပ်ပြဆောင်၊ မော်တော်ယာဉ် သင်တန်းသရုပ်ပြဆောင်၊ စက်မှုလက်မှုသင်တန်းဌာနခွဲရှိ ဂဟေသင်တန်းဆောင်၊ e-Library နှင့် ကျောင်းစာကြည့်တိုက်၊ သင်တန်းသား စားရိပ်သာနှင့် သက်သာချောင်ချိရေးအတွက် ငါးမွေးမြူထားရှိမှု၊ ဥစားကြက်မွေးမြူထားမှု၊ ဘဲမွေးမြူရေးနှင့် DYL ဝက်မွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ထားမှုနှင့် ဝန်ထမ်းမိသားစု လိုင်းခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ သင်တန်းသားများကို ဌာနအဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေး၊ သင်တန်းသားများနှင့် ဝန်ထမ်း မိသားစုများအတွက် အထောက်အပံ့ဖြစ်စေရန် မွေးမြူရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို)က ကြီးမှူးကျင်းပသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရှိ M-3 Food Center ၌ ဇူလိုင် ၁၆ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် အသင်းဥက္ကဋ္ဌ ဦးခင်မောင်သန်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာများကို အိမ်ခြံမြေအကျိုးဆောင်များ သိရှိစေရန် ပို့ချမည်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုတွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ရပြီး အကျိုးဆောင်များက သတင်းပို့အဖွဲ့အစည်းဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကိုသိရှိစေရန် ယခုကဲ့သို့အသိပညာပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ရန်ကုန်တိုင်း) ဒုတိယဥက္ကဋ္ဌ ဒေါ်မြတ်မိုမိုက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများအကြောင်းကို ဆွေးနွေးပို့ချကာ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှု အသင်းသား အသင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# နိုင်ငံလူဦးရေ၏ လေးပုံသုံးပုံကို MSME လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ဖြည့်ဆည်းပေးနေ

**မကွေး ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၃) ကို ဇူလိုင် ၁၄ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး MSME Agency နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး MSME Agency ဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်နှင့် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ မကွေးတိုင်းဒေသကြီး MSME Agency နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်က MSME လုပ်ငန်းများမှာ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိနေသဖြင့် မြန်မာနိုင်ငံ၏ အဓိက ကျောရိုးမဏ္ဍိုင်ဖြစ်နေပြီး နိုင်ငံလူဦးရေ၏ လေးပုံသုံးပုံကို MSME လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ဖြည့်ဆည်းပေးနေသည့်အတွက် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများမှာ MSME များ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါသော နေရာတွင်ရှိနေပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ အစိုးရဌာနများတွင် တရားဝင် မှတ်ပုံတင်ထားသည့် စီးပွားရေးလုပ်ငန်း စုစုပေါင်း ၂၂၅၃၂ ခုရှိပြီး MSMEs လုပ်ငန်းရှင်များကို SME Member Card ထုတ်ပေးမှုအနေဖြင့် အသေးစား ၂၉၃၂ ခု၊ အလတ်စား ၂၆၇ ခု စုစုပေါင်း ၃၁၉၉ ခု ထုတ်ပေးထားပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်မှာကြားထားသည့် မကွေးတိုင်းဒေသကြီးအနေဖြင့် စားသုံးဆီနှင့် ချည်ထည်ပစ္စည်း အများဆုံးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဒေသထွက်ကုန်ကြမ်းကို အခြေခံသည့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီး MSME အေဂျင်စီတွင် ပါဝင်သည့် အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး MSME Agency ဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပြီးဖြစ်၍ တက်ရောက်လာသည့် အေဂျင်စီအဖွဲ့ဝင်များအနေဖြင့် စိတ်ပါဝင်စားစွာဖြင့် မိမိတို့ တိုင်းဒေသကြီး အတွင်းမှာရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး MSME Agency အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးဇော်ထွန်းအောင်က MSME ဗဟိုကော်မတီ၊ MSME လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး MSME Agency တို့၏ ဆောင်ရွက်ချက်များနှင့် MSME Agency အဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဌာန ညွှန်ကြားရေးမှူးများက လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး တင်ပြဆွေးနွေးချက်များအပေါ် တိုင်းဒေသကြီး MSME Agency နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး MSME Agency ဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်ညီညာ**

## ရတနာပုံတက္ကသိုလ်၌ (၇၆) နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

(၇၆) နှစ်မြောက် အာဇာနည်နေ့ အကြို စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများကို ယမန်နေ့က ရတနာပုံတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ် သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲတွင် "ပြည်သူသို့ရည် အာဇာနည်" ခေါင်းစဉ်ဖြင့် ၄၇ ဦး၊ ကဗျာပြိုင်ပွဲတွင် "စွန့်လွှတ်စွန့်စား အာဇာနည်များ" ခေါင်းစဉ်ဖြင့် ခုနစ်ဦး၊ ဆောင်းပါးပြိုင်ပွဲတွင် "အာဇာနည်နေ့နှင့် ကျွန်ုပ်တို့၏ တာဝန်" ခေါင်းစဉ်ဖြင့် ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပါဝင်ယှဉ်ပြိုင်သူများအား ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များနှင့် စီမံရေးရာဌာနများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တင်မောင် (မန်း)**



ကျောက်မဲမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ ရေထွက်ဦး ရေကန်ထိပ်တွင် ရေဝေရေလဲ ထိန်းသိမ်းရေးစိုက်ခင်းအဖြစ် ဇူလိုင် ၁၆ ရက်က ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတ အသင်းအဖွဲ့များက စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေနှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးအောင်စည်တို့က ကြည့်ရှုအားပေးစဉ်။ မိုင်းထွန်း (ပြန်/ဆက်)

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများလိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း (၁၀) မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀)မျိုးစာရင်း



- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍စီတန်းပြီး

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်



ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၆

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် မင်းပြားမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်ဇော် သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မင်းဘာကြီးဆိပ်ခံတံတားရှိ လေးမြစ်အတွင်းသို့ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ထိုင်းငါးခုံးမကြီး ကောင်ရေ သုံးသိန်းငါးသောင်းကို စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

သတင်းစဉ်



## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးဆုရရှိသူများကို ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၆

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးဆု ရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များ၌ ပြုလုပ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဆုရ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။ ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ ဘက်စုံထူးချွန်ဆုရရှိသူများနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးဆု ရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရ စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကြသည်။

ဆုချီးမြှင့်ပွဲများ အပြီးတွင် ဆုရစစ်သည်များနှင့် ကျောင်းသား ကျောင်းသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) စခန်းမှူးရုံး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်အဖြစ် ရွေးချယ်ခံရသူများနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆု ရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ နဝဒေးခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ် သိန်းဇော်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် စခန်းမှူးက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ လူရည်ချွန်အဖြစ် ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူများကို ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇူလိုင် ၁၆

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် တောင်မြေနီကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇူလိုင် ၁၆ ရက်က မိုးရာသီ သစ်ပင်စိုက်ပွဲကျင်းပရာ သစ်တောဦးစီးဌာနက ဦးဆောင်၍ မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းစိုက်ပျိုးစဉ်။ မြို့နယ်(ပြန်/ဆက်)

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ရွှေတိဂုံပုံတူအဝင်လမ်းရှိ လမ်းဘေးဝဲယာတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၅ ရက်က ကျင်းပရာ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့်အဖွဲ့ဝင်များက စုစုပေါင်း အပင် ၂၂၀ ကို စုပေါင်းစိုက်ပျိုးစဉ်။ ထိန်လင်းအောင်(ပြန်/ဆက်)



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁၆

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ကျိုက်ဒုံမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၀၄ လက်မ၊ ကန်ကြီးထောင့်မြို့တွင် ၂ ဒသမ ၀၀ လက်မ၊ အိမ်မဲမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် ဖြူးမြို့တွင် ၁ ဒသမ ၆၉ လက်မတို့ ဖြစ်ကြသည်။ မိုး/ဇလ

# သာသနာတော်အကျိုး ထူးခြားစွာသယ်ပိုး အများပြည်သူ ပီတိအဟုန်တိုး၍ ငြိမ်းချမ်းသာယာ

ကိုရင်မောင်

**ဗုဒ္ဓမြတ်စွာသာသနာတော်တွင် ဘုရားရှင်အား ပထမဆုံးဖူးတွေ့ရသူ (ဘုရားဖူးဦး)၊ ပထမဆုံး မုန့်ဆွမ်းလှူဒါန်းရသူ (ဆွမ်းလှူဦး)၊ ပထမဆုံး ဒွေဝါစိက သရဏဂုံတည်သူ (သရဏဂုံဦး)၊ ပထမဆုံး ဆံတော်ရှင် ချီးမြှင့်ခံရသူ(ဆံတော် ဓာတ်တော်ဦး)၊ ပထမဆုံး စေတီဘုရားတည်ရသူ(စေတီဦး-ဘုရားဦး) ဦးငါးဦးဖြင့် သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ခွင့်ရသူမှာ မြန်မာပြည်ဖွားပင်ဖြစ်ကြောင်း သာသနာသမိုင်းတွင် မှတ်တမ်းတင်ထားပါသည်။**

သာသနာသမိုင်းတွင် စေတီဦး-ဘုရားဦး တည်နိုင်သူ ရာမညတိုင်း ဥက္ကလာပ ဇနပုဒ် ပေါက္ခ ဝတီမြို့မှ တပုဿ၊ ဘလ္လိက ညီနောင်နှင့် ဥက္ကလာပ မင်းမြတ်တို့၏ စွမ်းဆောင်နိုင်မှုကြောင့် ကမ္ဘာ့ အံ့ဖွယ် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပြည်တွင်း၊ ပြည်ပမှ ပြည်သူများ ကြည်ညိုဖူးမြော်နေကြရပါ သည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ တော်ကို အထွတ်အမြတ်ပြု၍ ကိုးကွယ်ဆည်းကပ် သည့် နိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုထား သည်။ ထေရဝါဒဗုဒ္ဓဘာသာ၏ အဓိကပင်မမြေတွင် "ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓသာသန"ဟု ဆိုအပ် သော သာသနာတော်သုံးရပ်ကို ဦးခိုက်မတ်မတ် ပြုကြရာ၌ မြတ်စွာဘုရားရှင်၏ ဓာတ်တော်များ၊ နှုတ်မြွက်ဟောကြားတရားတော်များ၊ မွေတော် အသုံးအဆောင်များဖြင့် ဌာပနာမှုပြု၍ တည်ထား ကိုးကွယ်ကြသော ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂ စေတီ၊ ဥဒ္ဒိဿစေတီတော်မြတ်များကို မြန်မာပြည် တစ်ဝန်းတွင် ဖူးတွေ့နိုင်ပါသည်။ ထို့ကြောင့် မြန်မာ နိုင်ငံကို စေတီပုထိုးနိုင်ငံ သို့မဟုတ် ရွှေနိုင်ငံဟု တင်စားပြောဆိုကြသည်။

## စိတ်နှလုံးချမ်းမြေ့

ဗုဒ္ဓဘုရားဆိုသည်မှာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော သက်တော်ထင်ရှား ဘုရားစင်စစ် ဖြစ်ပါသည်။ စေတီဘုရားရုပ်ပွားတော်ဆိုသည်မှာ သက်တော်ထင်ရှား မြတ်စွာဘုရားအား ရည်မှန်း၍ ကိုယ်စား၊ ကိုယ်ပွား ဆည်းကပ်ရာဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က လောကတွင် ပွင့်ထွန်းတော်မူခဲ့သော မြတ်စွာဘုရား၊ ခပ်သိမ်း သော တရားအပေါင်းတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်ဉာဏ်ဖြင့် ကျင့်ကြံအားထုတ်၍ သိတော်မူသော မြတ်စွာဘုရား၊ ကောင်းသောစကား ကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ လောက ၏ အကြောင်းအရာအလုံးစုံကို အကုန်အစင်သိမြင် တော်မူသော မြတ်စွာဘုရားစသည့် ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုပြီး ဖူးမြော်ရသောအခါ အတိုင်းအဆမရှိ ပီတိကုသိုလ်ဖြစ်ကြရပါသည်။ ဖူးမြော်ကြည်ညိုကြကုန်သော ဝေနေယျအပေါင်း တို့၏ စိတ်နှလုံးဘဝင်တွင် ချမ်းမြေ့ကြည်လင်ခြင်း ဖြစ်ကြရပါသည်။

စေတီဘုရားတည်ထားကိုးကွယ်ခြင်းကြောင့် ငြိမ်းအေးချမ်းသာမှုနှင့် ကုသိုလ်အပေါင်းကို ရရှိနိုင် မည့်အခွင့်ထူးသည် မြန်မာနိုင်ငံ၏ ထူးခြားသည့် ဂုဏ်အင်လက္ခဏာဖြစ်ပါသည်။ မြန်မာနိုင်ငံသမိုင်း တွင် ဘုန်းကံကြီးမားသော မင်းများက စေတီဘုရား များ တည်ထားခဲ့ကြသောကြောင့် ယနေ့ထက်တိုင် ပြည်သူများ ကိုးကွယ်ဆည်းကပ်နိုင်သည့် ကောင်းမှု ကုသိုလ်များ ရရှိနေကြပါသည်။ မြန်မာပြည်သူများ သာမက ကမ္ဘာ့ပြည်သူများပါ ဆည်းကပ်ပူဇော်ခွင့် ရနေသည့် ထင်ရှားကျော်ကြားသော စေတီဘုရား ပုထိုးများ များစွာရှိပါသည်။ မျက်မှောက်ကာလတွင် လည်း ကမ္ဘာပေါ်တွင်တည်ထားသော ထိုင်တော်မူ ကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်လာမည့် "မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး" အား ပြည်တွင်း၊ ပြည်ပမှ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ တည်ထားလျက်ရှိသည်ကို ဝမ်းမြောက်ကြည်နူးဖွယ် တွေ့မြင်ရပါသည်။



❂ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ကိုးကွယ်သည့်နိုင်ငံ ဖြစ်ပါသည်။ ဗုဒ္ဓ၏တရားတော်များကို မင်းတုန်းမင်းလက်ထက်တွင် ပဥ္စသံဃာယနာတင်ခဲ့ပြီး ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် ဆဋ္ဌသံဃာယနာတင်ခဲ့ပါသည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာမြန်မာနိုင်ငံတွင် အခြေခံခိုင်မာမှုရှိခြင်းကို ဆက်လက်ပြသ နိုင်ရန်အတွက် ရုပ်ပွားတော်မြတ်ကြီးကို ရည်ရွယ်တည်ထားခဲ့ခြင်းဖြစ်

❄ မြန်မာ့သမိုင်းတွင် ဘုရားတည်သောမင်းတို့သည် ဘုရားတည်ခြင်းကိစ္စအဝဝတို့ကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြပါသည်။ ယခု မာရဝိဇယရုပ်ပွားတော် မြတ်ကြီး တည်ထားမှုနှင့်ပတ်သက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်အကြီး အကဲ၏ ဘုရားတည်မှု သဒ္ဓါကုသိုလ်စိတ်များနှင့် ဆောင်ရွက်ချက်များမှာ ထူးခြားမှု များစွာရှိနေ

## ထေရဝါဒဗုဒ္ဓနိုင်ငံ

"မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး"ကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိနေမှုကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်း သာယာမှုဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက်လေးရပ် ဖြင့် တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ကိုးကွယ်သည့် နိုင်ငံဖြစ်ပါသည်။ ဗုဒ္ဓ၏တရားတော် များကို မင်းတုန်းမင်းလက်ထက်တွင် ပဥ္စသံဃာ ယနာတင်ခဲ့ပြီး ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် ဆဋ္ဌသံဃာယနာတင်ခဲ့ပါသည်။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင် အခြေခံခိုင်မာမှုရှိခြင်း ကို ဆက်လက်ပြသနိုင်ရန်အတွက် ရုပ်ပွားတော် မြတ်ကြီးကို ရည်ရွယ်တည်ထားခဲ့ခြင်းဖြစ်သည်။

မြန်မာ့သမိုင်းတွင် ဘုရားတည်သော မင်းတို့ သည် ဘုရားတည်ခြင်းကိစ္စအဝဝတို့ကို အောင်မြင် ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြပါသည်။ ယခု မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားမှုနှင့် ပတ်သက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် အကြီးအကဲ၏ ဘုရားတည်မှု သဒ္ဓါကုသိုလ်စိတ်များ နှင့် ဆောင်ရွက်ချက်များမှာ ထူးခြားမှုများစွာရှိနေ သည်ကိုတွေ့ရပါသည်။ ရုပ်ပွားတော်ကြီး တည်ထား ရန်အတွက် စကျင်ကျောက်တော်ကြီးများ စတင် သယ်ဆောင်သည်မှစ၍ ဘုရားတည်ထားခြင်းနှင့် သာသနိကသာသနာရေးဆိုင်ရာ လုပ်ငန်းကိစ္စအဝဝ များ ဆောင်ရွက်နေသည့်ကာလများတွင် နိုင်ငံ့ တာဝန်ဝတ္တရားကြီးမားများပြားသည့်ကြားမှ သဒ္ဓါ တရားထက်သန်စွာဖြင့် ကိုယ်တိုင်ကိုယ်ကျ ဦးဆောင် ကြီးကြပ်ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။

## ကိုယ်တိုင်ရှင်းလင်းပြသ

ရုပ်ပွားတော်ကြီးတည်ထားပြီးစီးမှုနှင့် ပတ်သက် ၍ ကုသိုလ်ပါဝင်ခဲ့ကြသည့် ဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာအားဖြင့်လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တွင် တိုးတက်မှုရှိရန် ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသည့် လူပုဂ္ဂိုလ်များဖြစ်ကြ ၍ လည်းကောင်း ၎င်းတို့အား အသိအမှတ်ပြုသော အားဖြင့် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထား ကိုးကွယ်နေသည့် အခြေအနေများကို သိရှိရန် လိုအပ်သည်ဟု နိုင်ငံတော်အကြီးအကဲက ယူဆပြီး အများပြည်သူကုသိုလ်သဒ္ဓါစိတ်များ တိုးပွားများနိုင် စေရန်အတွက် ၂၉-၆-၂၀၂၃ ရက်နေ့နံနက်ပိုင်းက ကိုယ်တိုင် ရှင်းလင်းပြသခြင်းသည် ထူးခြားချက် တစ်ခုဟု ဆိုနိုင်ပါသည်။ နိုင်ငံတော်အကြီးအကဲက ရှင်းလင်းပြောကြားခဲ့သည်များအနက်-

"မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်အတွက် သာသနာ တော် ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း၊ နိုင်ငံတော်သာယာဝ ပြောမှုရှိမှုဆိုသည် မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်း ဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်ဖြစ် ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့်အရိပ် အာဝါသအောက်တွင် အားလုံးအေးအေးချမ်းချမ်း ဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှုမေတ္တာ တရားထားသည့် ဘာသာတရားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာတရား၏အောက်တွင် ကမ္ဘာ ကြီး ငြိမ်းချမ်းသာယာမှုရှိစေရေး ရည်ရွယ်ချက် များဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်း" အချက်ကို မှတ်သားရပါသည်။

## ရတနာပုံခေတ်ဟန်

ဒုတိယထူးခြားချက်မှာ ရုပ်ပွားဆင်းတုတော် ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ရာ၌ ခေတ် အလိုက် တည်ထားဆောင်ရွက်ခဲ့သည့် ရုပ်ပွားတော် များအနက်မှ အကောင်းဆုံးဖြစ်သည့် ရတနာပုံ ခေတ်ဟန်ဘူမိဖဿပုံစံဖြင့် တည်ထားကိုးကွယ်နိုင် ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာပြည်လွတ်လပ်ရေး ဆုံးရှုံးခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံ၏ ဘာသာသာသနာယဉ်ကျေး မှုသမိုင်းမှာ အဆက်ပြတ်သွားခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက် ပြန်လည်အသက်ဝင် ခဲ့သည်။ ကိုလိုနီဖြစ်ခဲ့သည့် ကာလအတွင်း မြန်မာ နိုင်ငံ၏ ယဉ်ကျေးမှုများ ပျက်စီးသွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ပြန်လည် ပုံဖော်ရန်အတွက် ရတနာပုံခေတ်ဟန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းသည် ထူးခြားချက်ပင်ဖြစ်သည်။

တတိယထူးခြားချက်မှာ ဆင်းတုတော်ကြီး ထုဆစ်ရန်အတွက် ကျောက်တုံးတော်ကြီးများကို သယ်ယူရေးစီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှ သယ်ယူရန် အခက်အခဲများရှိခြင်းကြောင့် စကျင် တောင်မှ ဧရာဝတီမြစ်၊ ၎င်းမှ ဆီမီးခုံဆိပ်ကမ်း၊ ထိုမှ တစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ သယ်ဆောင် နိုင်ရေးအတွက် အသေးစိတ်လိုက်လံကြည့်ရှုခဲ့ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ်သယ်ယူ ပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့် နှစ် ဇူလိုင် ၃ ရက်တွင် စတင်ပင့်ဆောင်ခဲ့သည်။ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် စုစုပေါင်း ကိုးကြိမ် ပင့်ဆောင်ခဲ့ရ သည်။ တန်ချိန် ၈၁၅၈ တန် သယ်ဆောင်ခဲ့သည်။ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီး သယ်ဆောင် ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့သည်။

## အောင်မြင်စွာဆောင်ရွက်

စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီး များအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာ သယ်ယူနိုင်ရေး ၂၂ မိုင် ၅ ဖာလုံအရှည်လမ်း ဖောက်လုပ်ခဲ့သည်။ နေပြည်တော်သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့သည်။ ပင့်ဆောင်ရာတွင်လည်း တန်ချိန် ၁၅၀၀ နှင့် ၂၀၀၀ ကြား သယ်ဆောင်နိုင်သည့် ကားများသွားလာနိုင်ရေး ရှောင်ကွင်းလမ်းများ ဖောက်လုပ်ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။ အချိန်အားဖြင့် လေးလကြာမြင့်ခဲ့သည်။ ကျောက်တော်ကြီးများ ပင့်ဆောင်သည့်အချိန်သည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလနှင့် နိုင်ငံရေးအရအကျပ်အတည်းများဖြစ်နေ၍ ကျောက်တော်ကြီးများ ပင့်ဆောင်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

စကျင်ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့်သယ်ယူရာတွင် စုစုပေါင်း ခုနစ်ခေါက်သယ်ယူခဲ့ရပြီး အလေးချိန်အားဖြင့် ၇၆၃၂ တန်ဖြစ်သည်။ သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modular Trailer များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု Certificate ကို ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အလေးချိန်အများဆုံးစကျင်ကျောက်အား အဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီးသယ်ဆောင်မှုကို ထူးထူးခြားခြား ဆောင်ရွက်နိုင်ခဲ့သည်။

## ရှေးမူမပျက်ဆောက်လုပ်

စတုတ္ထထူးခြားချက်မှာ ဘုရားကြီးတည်ထားကိုးကွယ်ရေးဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရန် ရည်ရွယ်တည်ဆောက်ခဲ့သည်။ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ခဲ့သည်။ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထက်အက္ခရာတင်ရေးထိုးနိုင်ရေးနှင့် ကျမ်းစာအုပ်များ ပြုစုထုတ်ဝေနိုင်ရေး ဆောင်ရွက်ခဲ့သည်။ အဆိုပါပိဋကတ်သုံးပုံအား Application ဖြင့် ထည့်သွင်း၍ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ မာရဝိဇယဥယျာဉ်အတွင်း မန္တလေးရတနာပုံခေတ် မင်္ဂလာတံတားပုံစံ တံတားတစ်စင်း၊ ရေပန်းရင်ပြင်တည်ဆောက်ခြင်းနှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးများ တည်ဆောက်ခဲ့သည်။ ဘုရားဖူးလာပြည်သူများ အနားယူနိုင်မည့် သုခမ္မာဇရပ်များကို ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက်ဆောက်လုပ်ထားသည်။

ပဉ္စမထူးခြားချက်မှာ ဇန်နဝါရီ ၂၇ ရက်တွင် ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ရတနာပလ္လင်တော်ထက်၌ ဒုတိယအကြိမ်ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာဌာပနာတော် ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၈၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနဝ္ဘိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့သည်။

## အရှည်တည်တံ့ခိုင်မြဲ

ဆဋ္ဌမထူးခြားချက်မှာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၄ ရက် ပန္နက်ရိုက်ခဲ့သည့်နေ့မှ ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ရက်ပေါင်း ၁၁၁၁၊ သုံးနှစ်နှင့် ၁၆ ရက် ကြာမြင့်ခဲ့သည်။ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တန်ချိန် ၂၀၀၀၀ တန် အထိခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ရစ်စတာစကေး ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက် တည်ဆောက်ခဲ့သည်။

ရင်ပြင်တော်တွင်စိမ်းစိုပြည်လှပသည့်မြက်ခင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ဂန္ဓကုဋီတိုက်များကိုလည်း စကျင်ကျောက်များ အသုံးပြု၍ မန္တလေးမြို့ အတုမရှိကျောင်းတော်၏ ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများ နေပြင်းသည့်အချိန်များတွင် ဂန္ဓကုဋီတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားသည်။ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှ ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားသည်။

## ကြည်ညိုသဒ္ဓါစိတ်တိုးပွား

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာထုံးများနှင့်အညီ အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ထူးခြားသည့် ရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်နိုင်သဖြင့် အများပြည်သူတို့ ဝမ်းမြောက်နမောသာစုခေါ်ဆိုကြသည်။ ကြည်ညိုသဒ္ဓါစိတ်များ တိုးပွားများပြားလာကြသည်။ ဇွန်လ ၂၉ ရက်နေ့ နိုင်ငံတော်အကြီးအကဲက ရှင်းလင်းပွဲပြုလုပ်သည့် တစ်ရက်တည်းတွင် အခမ်းအနားတက်ရောက်လာကြသူအလှူရှင် ၁၀၁ ဦးက သဒ္ဓါတရား စိတ်ထက်သန်စွာဖြင့် အလှူငွေကျပ် ၁၆၁၇၇ သန်း (၁၆ ဒသမ ၁၇၇ ဘီလီယံ) လှူဒါန်းခဲ့ကြသည်။

အချုပ်အားဖြင့်ဆိုလျှင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုနှင့် ပတ်သက်သည်တို့ကို နိုင်ငံတော်အကြီးအကဲ ရှင်းလင်းပြောကြားမှုများအရ အသေးစိတ်သိရှိခဲ့ရပါသည်။ ဤသို့ထူးခြားလှသည့် ကမ္ဘာ့အံ့ဖွယ် ကျောက်ဆစ်ရုပ်ပွားတော်တစ်ဆူဖြစ်လာမည့် ဉာဏ်တော်အမြင့်ဆုံး “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အောင်မြင်စွာ တည်ထားနိုင်သည့် သာသနာတော်အကျိုးကို ထူးခြားစွာ သယ်ပိုးထမ်းဆောင်နိုင်မှုများကြောင့် အများပြည်သူတို့ မြတ်စွာဘုရားရှင်အား ကြည်ညိုရသည့် ပီတိကုသိုလ်အဟုန်များ တိုးပွားပြီး ကမ္ဘာလောကတစ်ခုလုံး ငြိမ်းချမ်းသာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တရမထေရ်၏ အန္တိမစျာပနပူဇာသဘင်အခမ်းအနား တက်ရောက်

**ဘားအံ ဇူလိုင် ၁၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ပြည်နယ်ဝန်ကြီးများသည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်က သက်တော်(၅၉)နှစ်၊ သိက္ခာတော်(၃၉)ဝါရှိ ဘားအံမြို့ အမှတ်(၅)ရပ်ကွက် ဓမ္မဝါသီကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တရမထေရ်၏ အန္တိမအဂ္ဂိစျာပန သာစုကီဠနပူဇာသဘင် ရေစက်ချအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။ **(ယာပုံ)**



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဆရာတော်ဘုရားကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်ဩဝါဒါစရိယ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိဇ္ဇာနန္ဒထံမှ ငါးပါးသီခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် စေတနာရှင်အလှူရှင်များက ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ခေမာရာမကျောင်းဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောပါကအရှင်သူမြတ်က ဖတ်ကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာကို ပြည်နယ်သာသနာရေးဦးစီးမှူး ဦးဖြိုးဇော်ဇော် က ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဧည့်ပရိသတ်အပေါင်းတို့သည် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဓမ္မဝါသီကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တရမထေရ်၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်အား စျာပနကျင်းပရာတောင်ကလေးကွင်းသို့ ကရဝိတ်ဖောင်တော်ယာဉ်ဖြင့် ပင့်ဆောင်၍ ည ၈ နာရီတွင် မီးပူဇော်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်၌ ကာကွယ်ဆေးများထိရောက်စွာ စီမံခန့်ခွဲနိုင်စေရန် သင်တန်းဖွင့်လှစ်

**စစ်တွေ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အအေးလမ်းကြောင်း တာဝန်ခံများအတွက် ကာကွယ်ဆေးများ ထိရောက်စွာစီမံခန့်ခွဲနိုင်စေရန် Cold Chain Key Person (CCKP) and Vaccine Logistic Management Information System (vLMIS) သင်တန်းကို ယနေ့နံနက် စစ်တွေမြို့ SS Food Cneter ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းက အမှာစကား ပြောကြားသည်။ အအေးလမ်းကြောင်း တာဝန်ခံများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း တာဝန်ခံများကို ကာကွယ်ဆေးများ ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်နှင့် ကာကွယ်ဆေးများအား အအေးလမ်းကြောင်းမပျက်စေဘဲ ကလေးငယ်များကို အရည်အသွေးပြည့်ဝသော ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ အအေးလမ်းကြောင်း တာဝန်ခံများ၊ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းတာဝန်ခံများ စုစုပေါင်း ၄၇ ဦး တက်ရောက်ကြပြီး စာတွေ့လက်တွေ့ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်အသီးသီးမှ အအေးလမ်းကြောင်း တာဝန်ခံများ၊ တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းတာဝန်ခံများ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှု

**ဥတ္တရသီရိ ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ဇလောင်း(တောင်) ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဇူလိုင် ၁၆ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော ဝက်မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးရာ ဥတ္တရသီရိမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ထွန်းက ၂၀၂၃-၂၀၂၄ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ဝက်မွေးမြူရေးလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေးကဏ္ဍများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်က လိုက်လံရှင်းလင်းပြသခဲ့ပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်က လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



## မကွေးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မကွေး ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ် အသီးသီး၌ သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် (စနေနေ့တိုင်း)စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး ဇူလိုင် ၁၅ ရက်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများစုပေါင်း၍ မကွေးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်လင်းနှင့် အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။



တိုင်းဒေသကြီး မြို့တော် မကွေးမြို့တွင် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ် (စနေနေ့တိုင်း) လုပ်ဆောင်လျက်ရှိသည့် နည်းတူ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တွင် စုစုပေါင်း အင်အား ၂၅၀၀ ခန့်ဖြင့် တိုင်းလုံးကျွတ် မြို့ရွာသန့်ရှင်းသာယာလှပစေရေး ဘုရားစေတီပုထိုးများ၊ ပြည်သူ့ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ပန်းခြံများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုစည်သူ**

## ပဲခူးမြို့၌ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေး

**ပဲခူး ဇူလိုင် ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံ ၁၀ ရုံမှ အာမခံအလုပ်သမားများအား အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆောင်ရွက်နေမှုအခြေအနေများ ဥပဒေပါ ရပိုင်ခွင့်များနှင့် အကျိုးခံစားခွင့်များကို သိရှိနိုင်စေရန်၊ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအဖွဲ့များက ကျင့်သုံးလျက်ရှိသော အလုပ်သမားဥပဒေပါ အကြောင်းအရာများကို နားလည်စေရန် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက်က အင်းတကော်စက်မှုနယ်မြေရှိ E.O Bago Co., Ltd အထည်ချုပ်စက်ရုံ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်ကာ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများက အလုပ်သမားဥပဒေပါ အကြောင်းအရာများကို ဟောပြောဆွေးနွေးပြီး စက်ရုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**

*❖ ကျောဖုံးမှ*

ဇွန် ၁၂ ရက်မှ ၁၆ ရက်အထိ မွေးရာပါ ခါးရိုးကောက်သော ရောဂါ (Scoliosis) လူနာ ၁၂ ဦးကို ခါးရိုးပြန်လည်တည့်မတ် ကုသခြင်း (Pedicle Screws and Rods Posterior Fixation) ကို အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခါးရိုးကောက်သော ရောဂါကုသခြင်းများကို ခုတင် ၃၀၀ ဆံ့ အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန်တွင် ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသဆောင်မှ ကျောရိုးခွဲစိတ် အထူးကုဆရာဝန်များကိုယ်တိုင် လုပ်ဆောင်၍ လည်းကောင်း၊ နိုင်ငံခြားမှ ကျွမ်းကျင်သော ကျောရိုးခွဲစိတ်အထူးကုဆရာဝန်များကို ဖိတ်ခေါ်၍ လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ၂၀၀၅ ခုနှစ်မှစ၍ တစ်နှစ်လျှင် ပျမ်းမျှ ၁၂ ဦးခန့် ခွဲစိတ်ကုသပေးခဲ့ပြီး ယနေ့အထိ စုစုပေါင်း ခါးရိုးကောက်သော ရောဂါလူနာ ၂၀၀ ကျော်ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပြီး ဖြစ်သည်။

မွေးရာပါ ခါးရိုးကောက်သော ရောဂါ (Scoliosis)ကို ငယ်ရွယ်စဉ် အချိန်တွင် ဆောလျင်စွာ ကုသမှု ခံယူပါက ပိုမို၍ ကျောရိုး ကွေးကောက်လာခြင်း မဖြစ်နိုင်တော့ဘဲ ကုသမှု ခံယူပြီးပါက ပြန်လည်၍ တည့်မတ်နေသော ကျောရိုးကြောင့် ငယ်ရွယ်စဉ် အချိန်ကာလများတွင် ရှက်ရွံ့အားငယ်မှုများ ကင်းဝေးစေပြီး မိမိကိုယ်ကို ယုံကြည်စွာဖြင့် လှုပ်ရှားသွားလာနိုင်စေမည်ဖြစ်ပြီး အသက်အရွယ်ကြီးလာသော အခါတွင် ကျောရိုးကျီးပေါင်းရောဂါ ဖြစ်ပေါ်လာစေမှုမှ သက်သာစေမည် ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံသား ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် Swiss Spine Foundation တို့ ပူးပေါင်းဆောင်ရွက်၍ နည်းပညာရပ်များ ဖလှယ်နိုင်မှုမှတစ်ဆင့် ခက်ခဲသော ကျောရိုးပိုင်းဆိုင်ရာရောဂါများကို နိုင်ငံတကာအဆင့်မီ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခြင်းနှင့် ကျောရိုးခွဲစိတ်ကုသမှု နည်းစနစ်နှင့် အသိပညာများ အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ရရှိစေမည်ဖြစ်သည်။

ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုများကို မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် အရိုးရောဂါအထူးကုဆေးရုံကြီး-မန္တလေးတို့တွင်လည်း ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ အရိုးရောဂါအထူးကုဆေးရုံကြီး-မန္တလေး၌ ခါးဆစ်ကျွံရောဂါများ၊ ခါးရိုးကျီးပေါင်းတက်ရောဂါများ၊ လည်ပင်းရိုးကျီးပေါင်းတက်ရောဂါများ၊ ခါးရိုးတီဘီရောဂါများကို ကုသပေးလျက်ရှိပြီး မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျောရိုးထိခိုက်ဒဏ်ရာရ လူနာများကို ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီး ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်ကုသဆောင်တွင် မွေးရာပါ ခါးရိုးကောက်ရောဂါလူနာကို ခွဲစိတ်ကုသစဉ်။

*❍ ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် ပထမအဆင့်ခြေစစ်ပွဲမှ စတင်ကစားရမည်ဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ ဇူလိုင်လအတွက် ထုတ်ပြန်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်အနိမ့်ဆုံး ၁၈ သင်းမှာ ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး အနိုင်ရသည့်ကိုးသင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲတွင် တိုက်ရိုက်ကစားခွင့်ရသည့် ၂၇ သင်း၊ ပထမအဆင့်မှ တက်ရောက်လာသည့် ကိုးသင်း၊ စုစုပေါင်း ၃၆ သင်းမှာ အုပ်စုပုံစံဖြင့် ဆက်လက်ကစားရမည်ဖြစ်ပြီး လေးသင်း ကိုးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၂ ရက်၊ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲ မဲခွဲရန် ဆီဒင်သတ်မှတ်ချက်အရ Pot-1 ၌ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ မော်လ်ဒိုက်၊ ယီမင်၊ အာဖဂန်နစ္စတန်၊ စင်ကာပူ၊ မြန်မာ၊ နီပေါ၊ ကမ္ဘောဒီးယား၊ Pot-2 ၌ မကာအို၊ မွန်ဂိုလီးယား၊ ဘူတန်၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ တီမော၊ ပါကစ္စတန်နှင့် မြောက်မာရီ ယာနာကျွန်းစုအသင်းတို့ ပါဝင်နေသည်။

**ရဲရင့်လွင်၊ ခတ်ပုံ-MFF**

## စစ်ကိုင်းပညာရေးတက္ကသိုလ်၌ လူငယ်စကားဝိုင်း ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၁၆**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ လူငယ်များ အသိဉာဏ်ပညာဗဟုသုတ ပြည့်စုံပြီး ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ဇူလိုင် ၁၅ ရက်က အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက လူငယ်စကားဝိုင်းကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် B.Ed (စတုတ္ထနှစ်၊ တတိယနှစ်၊ ဒုတိယနှစ်) ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် စာပေ"၊ "လူငယ်နှင့်ပညာရေး"၊ "ကျွန်မဖတ်ဖူးသော စာအုပ်တစ်အုပ်"၊ "လူငယ်နှင့်မီဒီယာ"၊ "လူငယ်နှင့် နည်းပညာ" ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

# ဗြိတိန်နိုင်ငံကို ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေးသဘောတူညီချက်တွင် ပါဝင်ရန် တရားဝင် အတည်ပြု




**အော့ကလန် ဇူလိုင် ၁၆**

ဘက်စုံတိုးတက်သော ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်သဘောတူညီချက် (စီပီတီပီပီ) ဟု လူသိများသော ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေး သဘောတူညီချက်တွင်ပါဝင်ရန် ဗြိတိန်ကို တရားဝင်အတည်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၆ ရက်က နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ဝန်ကြီးအဆင့်ပြုလုပ်သော အစည်းအဝေး၌ ဗြိတိန်နိုင်ငံကို ဝင်ခွင့်ပြုရန် လက်ရှိအဖွဲ့ဝင် ၁၁ နိုင်ငံက လက်မှတ်ရေးထိုးလိုက်ခြင်း ဖြစ်သည်။ မူလအဖွဲ့ဝင် ၁၁ နိုင်ငံပြီးနောက် ဗြိတိန်နိုင်ငံသည် အဆိုပါသဘောတူညီချက်တွင် ပါဝင်သည့် ပထမဆုံးနိုင်ငံဖြစ်လာခဲ့သည်။

ဗြိတိန်ကို အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပြုလိုက်သည့်အတွက် စီပီတီပီပီ၏ စီးပွားရေးနယ်ပယ်သည် ဥရောပအထိ တိုးချဲ့ရောက်ရှိလာမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ နုတ်ထွက်လိုက်ပြီးနောက် ၂၀၂၁ ခုနှစ်ကတည်းက စီပီတီပီပီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရန် ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဗြိတိန်နိုင်ငံကို အဖွဲ့ဝင်ဖြစ်ရေး အတည်ပြုလုပ်ငန်းစဉ်ပြီးနောက်တွင် စီပီတီပီပီသည် တရားဝင်အဖွဲ့ဝင် ၁၂ နိုင်ငံ ဖြစ်လာမည် ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ၏ လူဦးရေစုစုပေါင်းမှာ သန်း ၅၀၀ ခန့်ရှိလာမည်ဖြစ်ပြီး စုစုပေါင်း ဂျီဒီပီမှာလည်း အမေရိကန်ဒေါ်လာ ၁၅ ထရီလီယံဝန်းကျင်အထိ ရှိလာဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ဟူသီသူပုန်များက ယီမင်နိုင်ငံအနောက်မြောက်ပိုင်းကို လက်နက်ကြီးပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံး

**ဆာနား ဇူလိုင် ၁၆**

ဟူသီသူပုန်များက ယီမင်နိုင်ငံ အနောက်တောင်ပိုင်း တိုက်ဇ်ပြည်နယ်ရှိ လူနေဒေသများကို လက်နက်ကြီးအမြောက်ဖြင့် ပစ်ခတ်သဖြင့် မိခင်ဖြစ်သူနှင့် ၎င်း၏ သားဖြစ်သူတို့ သေဆုံးကြောင်း ဒေသတွင်းဆေးဘက်ဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားသည်။

အယ်အဘော့ခရိုင်ရှိ အယ်ဟာဂျမက်ကျေးရွာ၌ လက်နက်ကြီးအမြောက်ဖြင့် ပစ်ခံရသဖြင့် ၎င်းတို့၏ နေအိမ်နှင့် အခြားနေအိမ် အများအပြားနှင့် စိုက်ခင်းများ ပျက်စီးခဲ့ကြောင်း သိရသည်။ ဟူသီတို့သည် တိုက်ဇ်ပြည်နယ်ကို ပိတ်ဆို့ထိန်းသိမ်းထားပြီး ပြည်နယ်သို့သွားသည့် အဓိကလမ်းများကိုလည်း ဖြတ်တောက်ထားကြောင်း သိရသည်။ ၎င်းတို့ လုပ်ဆောင်ခြင်းကြောင့် ဒေသခံများအတွက် အစားအစာနှင့် ဆေးဝါးများရရှိရန် အချိန်ကြန့်ကြာခဲ့ရကြောင်း သိရသည်။

တိုက်ဇ်ပြည်နယ်ရှိလမ်းမကြီးများ၏ ပိတ်ဆို့ထားမှုကို ရုပ်သိမ်းခြင်းသည် စစ်ဘေးသင့်နိုင်ငံအတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ဆောင်စဉ်အတွင်း ယီမင်အစိုးရ၏ အဓိကတောင်းဆိုချက်များထဲမှ တစ်ခုဖြစ်သည်။ ယီမင်သည် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် ယီမင်အစိုးရကို ဆန့်ကျင်သည့် ဟူသီနှင့် ၂၀၁၄ ခုနှစ်မှစ၍ ပြင်းထန်သည့် ပြည်တွင်းစစ်များ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# တိုကျိုမြောက်ဘက် ကီယုမြို့တွင် အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်စ်ကျော် ရှိလာ

**တိုကျို ဇူလိုင် ၁၆**

ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဇူလိုင် ၁၆ ရက်က အပူချိန်မြင့်တက်ခဲ့ပြီး တိုကျိုမြို့မြောက်ဘက် ဂွန်းမခရိုင် ကီယုမြို့၌ အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့ကြောင်း သိရသည်။

ကီယုမြို့၌ နေ့အပူချိန်များမှာ မွန်းလွဲ ၁ နာရီ ၃၉ မိနစ်တွင် ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့ကာ ဂျပန်နိုင်ငံတစ်ဝန်းတွင် ယခုနှစ်အတွင်း အမြင့်ဆုံးအပူချိန်ဖြစ်ခဲ့သည်။ တိုကျိုမြို့ အနောက်ပိုင်း ဟာချိအိုဂျီမြို့တွင် အပူချိန် ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်စ်ရှိခဲ့ပြီး တိုကျိုမြို့မြောက်ဘက် ဂွန်းမခရိုင် မဲ့ဘာချီမြို့နှင့် စိုင်းတာမခရိုင် တိုကာရိုဇဝါမြို့တို့တွင် ၃၈ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စ်ရှိခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် အပူလျှပ်မှုကို ရှောင်ရှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မိုးလေဝသတာဝန်ရှိသူများက တိုက်တွန်းနှိုးဆော်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်၌ တုပ်ကွေးရောဂါဖြစ်ပွား၍ လူ ၁၁၀၀၀ ကျော် ဆေးရုံတက်ရ

**ဒါကာ ဇူလိုင် ၁၆**

ဇူလိုင်လ ပထမလဝက်ကာလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရသူဦးရေမှာ ၁၁၀၀၀ ကျော်အထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ဆောင်မှုဦးစီးဌာန၏ထုတ်ပြန်ချက်အရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင် ၁၅ ရက်က တုပ်ကွေးရောဂါဖြစ်ပွားသူ စံချိန်တင်တိုးလာခဲ့ပြီး ယင်းနေ့တွင်ပင် ကူးစက်ခံရသူ ၁၆၂၃ ဦး တွေ့ရှိခဲ့သည်။တုပ်ကွေးကြောင့် သေဆုံးသူ ခုနှစ်ဦးထပ်တိုးခဲ့သည်ဟု အဆိုပါဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဇန်နဝါရီလမှစတင်ကာ တုပ်ကွေးဖြစ်ပွားသူဦးရေမှာ ၁၉၄၅၅ ဦးအထိ စံချိန်တင်ခဲ့ပြီး သေဆုံးသူမှာလည်း ၁၀၀ အထိ ရှိလာသည်။ သွေးလွန်တုပ်ကွေးရောဂါသည် အေးဒီးစ်ခြင်ကိုက်ခံရခြင်းမှ ကူးစက်သော ဗိုင်းရပ်စ်ရောဂါဖြစ်သည်။

**ဆင်ဟွာ**

# အီရတ်ဝန်ကြီးချုပ် ၂၀၁၁ ခုနှစ်နောက်ပိုင်း ဆီးရီးယားသို့ သွားရောက်

**ဒမတ်စကတ် ဇူလိုင် ၁၆**


ဆီးရီးယားသမ္မတနှင့် အီရတ်ဝန်ကြီးချုပ်တို့ကို တွေ့ရစဉ်။

အီရတ်ဝန်ကြီးချုပ် မိုဟာမက် ရှီယာအယ်လ်ဆူဒါနီသည် လွန်ခဲ့သည့် ၁၂ နှစ်က ဆီးရီးယား အကျပ်အတည်း စတင်ဖြစ်ပွားသည့် အချိန်မှစကာ ပထမဆုံး ခရီးစဉ်အဖြစ် ဇူလိုင် ၁၆ ရက်တွင် ဆီးရီးယားနိုင်ငံ၏ မြို့တော် ဒမတ်စကတ်သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ဆီးရီးယားသမ္မတ ဘာရှာ အယ်လ်အာဆတ်က ဝန်ကြီးချုပ် အယ်လ်ဆူဒါနီကို သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံခဲ့ပြီး ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များက ၎င်းတို့၏ ဆွေးနွေးမှုဆိုင်ရာ အချက်အလက်များကို မီးမောင်းထိုးပြခဲ့ကြောင်း သိရသည်။ ယင်းနောက် နှစ်နိုင်ငံခေါင်းဆောင်များသည် နယ်စပ်၌ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများကို ကိုင်တွယ်ဖြေရှင်းရေး ညှိနှိုင်းဆောင်ရွက်ခြင်းဆိုင်ရာ ယန္တရားများကိုထူထောင်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယား၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၃၃ ဦး သေဆုံး

**ဆိုးလ် ဇူလိုင် ၁၆**

တောင်ကိုရီးယားနိုင်ငံ၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် သေဆုံးသူဦးရေမှာ ခုနစ်ဦးထပ်တိုးလာခဲ့ပြီး သေဆုံးသူ စုစုပေါင်းမှာ ၃၃ ဦးအထိ ရှိလာခဲ့သည်။

ရေကြီးမှုကြောင့် ကား ၁၀ စီးကျော် နစ်မြုပ်ခဲ့သည့် ချုန်ဂျူမြို့ မြေအောက်ဥမင်လိုဏ်ခေါင်းအတွင်းမှ လူခုနစ်ဦး၏ အလောင်းကို ကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိခဲ့သည်။ ဇူလိုင် ၁၃ ရက်မှစတင်ကာ နိုင်ငံအနောက်ပိုင်းမှ အရှေ့ပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပြီး နေရာ အတော်များများတွင် ရေကြီးမှုနှင့်မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။

ပြီးခဲ့သည့် လေးရက်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုသည် အချို့သောဒေသများတွင် တစ်နှစ်ပတ်လုံး မိုးရွာသွန်းမှု၏ နှစ်ဆနီးပါးရှိသည်ဟု တောင်ကိုရီးယားမီဒီယာများတွင် ဖော်ပြကြသည်။

ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီအထိ ပျောက်ဆုံးသူ ၁၀ ဦး ထက်မနည်းရှိသည်ဟု သဘာဝဘေးတုံ့ပြန်ရေး အစိုးရလုပ်ငန်းအဖွဲ့က ပြောသည်။ လူပေါင်း ၆၂၀၀ ကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့စေခဲ့ရသည်။

ဇူလိုင် ၁၈ ရက်အထိ အချို့သောနေရာများတွင် မိုးရေချိန် ၃၀၀ မီလီမီတာအထိ ရွာသွန်းမည်ဟု ခန့်မှန်းထားသည်။ မြစ်ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများသည် ခြိမ်းခြောက်မှု တစ်ခုအဖြစ် ဆက်လက် ရှိနေဆဲဖြစ်ကြောင်း မိုးလေဝသ ပညာရှင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**





ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Model Auxiliary Verbs or Model Verbs တွေအကြောင်းဖော်ပြလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Should အကြောင်း ပြည့်ပြည့်စုံစုံလေးရှင်းပြထားပြီး လေ့ကျင့်ခန်းများနဲ့အားဖြည့်ပေးထားပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about “Vacation Plans” အားလပ်ရက်အစီအစဉ်နဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ (Synonyms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ Helping Verbs အကြောင်းနဲ့ပတ်သက်ပြီး Should ရဲ့ အဓိပ္ပာယ်၊ အသုံးပြုပုံ၊ ဝါကျရေးဖွဲ့ပုံတွေကို သဘောပေါက်နားလည်အောင် နမူနာဝါကျတွေနဲ့ ဖော်ပြလိုက်ပါတယ်။

**Should (လုပ်သင့်တယ်)**

(It is a good thing to do, it is the right thing to do)

Should ကို လုပ်သင့်တယ်၊ လုပ်ဖို့ကောင်းတယ်ဆိုပြီး ပြောဆိုတဲ့နေရာမှာ သုံးနိုင်ပါတယ်။

**Should + infinitive (should do/ should watch etc):**

| | | |
|---|---|---|
| I/we/you/they/he/she/ it | should<br>shouldn't | do<br>stop<br>go<br>watch etc. |

For example: Tom should go to bed earlier. He goes to bed very late and he's always tired.

It's a good film. You should go and see it.

When you play tennis, you should always watch the ball.

**Should ရဲ့အငြင်းပုံစံမှာ Shouldn't ဖြစ်ပါတယ်။**

(It is not a good thing to do.) လုပ်ဖို့မသင့်တဲ့သဘောကို ဖော်ပြတဲ့နေရာမှာ သုံးပါတယ်။

ဥပမာ – Tom *shouldn't go* to bed so late.

You watch TV all the time. You *shouldn't watch* TV so much.

တစ်ခါတစ်ရံမှာ Should ကို think နဲ့တွဲပြီး ဝါကျပုံစံသုံးမျိုးနဲ့ သုံးနိုင်ပါတယ်။ မြန်မာလိုကတော့ တစ်ခုခုလုပ်သင့်တယ်၊ ဖြစ်သင့်တယ်လို့ ငါထင်တယ်။ ငါမထင်ဘူး။ မင်းထင်လား ဆိုပြီး အဓိပ္ပာယ်သက်ရောက်ပါတယ်။

❖ I think ........... should ............ (ငါထင်တယ်)

– *I think* Carol *should buy* some new clothes.

– It's late. I think *I should go* home now.

– A: Shall I buy this coat?

B: Yes, **I think you should.**

❖ **I don't think ....... should ..............** (ငါမထင်ဘူး)

– *I don't think* you *should work* so hard.

– *I don't think* we *should go* yet. It's too early.

❖ **Do you think ..........should...........?** (ထင်သလား)

– **Do you think** I **should** buy this hat?

– What time do you think we *should go* home?

**မှတ်ချက်**

**Must သည် should ထက် ပိုပြီး အဓိန္ဒိုသံဆန်သည်။ အောက်က နမူနာကို ကြည့်ပါ။**

– It's a good film. You should go and see it. (ဒီနေရာမှာ သွားကြည့်သင့်တယ်လို့ အကြံပေးပြောကြားတဲ့ပုံစံကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။)

– It's a fantastic film. You must go and see it. (သွားကို သွားကြည့်သင့်တယ်လို့ ပြောတာဖြစ်ပါတယ်။)

**Should ကို နောက်တစ်နည်းနဲ့ ပြောကြားဆိုရင် Should ဟာ ought to ပဲဖြစ်ပါတယ်။**

– It's a good film. You ought to go and see it. (= you should go)

– I think Carol ought to buy some new clothes. (= Carol should buy)

အခုဆိုရင် should အကြောင်း အတော်လေး သဘောပေါက်ပြီလို့ ထင်ပါတယ်။ အောက်က လေ့ကျင့်ခန်းလေးတွေလုပ်ကြည့်ပါဦး။

**Exercise (1) Complete the sentences. Use you should + one of these verbs.**

| | | |
|---|---|---|
| clean | go | take |
| visit | watch | wear |

e.g When you play tennis, you *should watch* the ball.

1. It's late and you're very tired. .............. to bed.
2. ................. your teeth twice a day.
3. If you have time, .................... the Science Museum. It's very interesting.
4. When you're driving, ................. a seat belt.
5. It's too far to walk from here to the station. ................ a taxi.

**Exercise (2) Write sentences with I think .... Should ...... or I don't think ...... should .....**

**e.g It's late. (go home now)**

**I think we should go home now.**

1. That coat is too big for you. (buy it)
..............................................................................
2. You don't need your car. (sell it)
..............................................................................
3. Diane needs a rest. (have a holiday)
..............................................................................
4. Sally and Colin are too young. (get married)
..............................................................................
5. You're not well this morning. (go to work)
..............................................................................

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှ အဖြေများ**


1. Shall I open
2. Shall I get
3. Shall I cut
4. Shall I park
5. Shall I carry
6. Shall we go
7. Shall we do
8. Shall we watch
9. Shall we buy
10. Shall we go swimming

## VOCABULARY (SYNONYMS)

1. small = little (သေးငယ်သော)
2. smell = scent (အနံ့ခံသည်။ အနံ့ရသည်)
3. souvenir = memento (အမှတ်တရပစ္စည်း)
4. spectre = ghost (တစ္ဆေ၊ သရဲ)
5. squander = waste (ဖြုန်းသည်၊ ဖြုန်းတီးသည်)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Vacation Plans"

ဒီတစ်ပတ်မှာတော့ "Vacation Plan" အားလပ်ရက်အစီအစဉ်နဲ့ ပတ်သက်ပြီး ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Vacation Plans" ဆိုပြီးဖော်ပြလိုက်ပါတယ်။

**Conversation**

**Vacation Plans**

**Daniel:** Lily, let's make plans for this summer vacation. Where would you like to go?

**Lily:** Unfortunately, I think mom and dad have already made reservations for Pine Acres.

**Daniel:** *Are you serious?* But we've already been there twice and *I'd like to try somewhere new. I'd like something more adventurous.*

**Lily:** Yeah, I like that too.

**Daniel:** They surely can cancel the reservation. We'd better go camping.

**Lily:** It's too risky. It's been raining so much lately, so going camping is not a good idea either.

**Daniel:** So what do you suggest?

**Lily:** We could take a houseboat cruise. Travelling in a houseboat can be a unique experience.

**Daniel:** *What a wonderful idea! Mom and dad will love it.*

They are talking about their plans to their parents. At that time Dad said:

**Dad:** A houseboat cruise? Er…yeah, it sounds very interesting, but maybe next summer. This summer we're going to Pine Acres. It's already booked. Sorry.

**Daniel:** But you can cancel it, right?

**Dad:** No, it's too late to cancel.

**Mom:** Hey, Brad why don't we ask our parents? They loved their vacation to Pine Acres a few years ago. I'm sure they'll be delighted to be able to go there again. Maybe they can go together.

**Dad:** Yeah, we could try to talk them into it. Anyway, don't get your hopes up about this. They might have other plans for this summer.

**Lily:** Yes, sure, but it's worth trying.

**Mom:** Lily? Daniel? Please come downstairs! I've got news for you. Listen! I've spoken to your grandparents. They agreed to go on vacation together to Pine Acres!

**Lily:** Seriously! That's awesome!

**Mom:** And I have another surprise for you. Your dad and I have booked a houseboat for the 15th of July.

**Daniel:** Wow! We're going to have the best vacation ever!

**Language Point**

Are you serious?

၁။ Are you serious? ကို အတည်ပြောတာလား။ တကယ်ပြောတာလားဆိုတဲ့ သဘောနဲ့သုံးပါတယ်။

ဥပမာ – He is currently working on a project. Are you serious?

**Lily:** I think mom and dad have already made reservations for Pine Acres.

**Daniel:** *Are you serious?* But we've already been there twice

I'd like to = I would like to

၂။ တစ်ခုခုလုပ်ချင်တဲ့အခါမှာသော်လည်းကောင်း၊ တစ်ခုခုလိုချင်တဲ့ အခါမှာသော်လည်းကောင်း ယဉ်ကျေးစွာပြောတဲ့ စကားပြောပုံစံတစ်မျိုးဖြစ်ပါတယ်။ ဥပမာ –

– I'm thirsty. I'd like to drink.

– I'd like some information about hotels, please.

– I'd like to see the film on television this evening.

What a wonderful idea!

၃။ ဘယ်လောက်တောင်ကောင်းလိုက်တဲ့စိတ်ကူးလည်း ဒီလိုမျိုးပြောဟန်ကို ရုတ်တရက်အံ့ဩသွားတဲ့ အခါမှာလည်းကောင်း၊ ရုတ်တရက်ထူးခြားတာ တစ်ခုခုတွေ့လိုက်တဲ့အခါမှာလည်းကောင်း ပြောနိုင်ပါတယ်။

What + a Adj + Noun ပုံစံနဲ့ရေးနိုင်ပါတယ်။ ဥပမာ–

– What a wonderful idea for our teacher.

– What a wonderful idea! Mom and dad will love it.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၆ | ၂၀၇၀ |
| 95 Ron | ၂၁၀၈ | ၂၁၈၄ |
| HSD (500 ppm) | ၁၉၈၈ | ၂၀၅၇ |
| HSD (50 ppm) | ၂၀၆၂ | ၂၁၃၃ |
| HSD (10 ppm) | ၂၀၆၂ | ၂၁၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

**နေပြည်တော် ဇူလိုင် ၁၆**

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# အာရှဆင်နှင့် အရှေ့ဘက်မျောက်လွှဲကျော်များ အဓိကရှင်သန်ကျက်စားရာ မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

■ မြန်လင်းမောင်

**မြန်မာနိုင်ငံသည် ဒေသတစ်ခုလုံးတွင် သဘာဝအလျောက် နေထိုင်ကျက်စားသော မျိုးစိတ်များအနက် မြောက်မြားလှစွာသော ဒေသရင်းမျိုးစိတ်များနှင့် ကမ္ဘာနှင့်အဝန်း ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များအပါအဝင် အရှေ့တောင်အာရှကုန်းမကြီးရှိ အခြားနိုင်ငံများထက် သာလွန်သည့် ဂေဟစနစ်များကို ပိုင်ဆိုင်ထားသည်။**



မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဒေါင်းစိမ်းငှက်

အဆိုပါ ဂေဟစနစ်များစွာအနက် မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အန္တရာယ်ရှိသည့် မျိုးစိတ်များဖြစ်ကြသည့် အာရှဆင်၊ အင်းကျား၊ အာရှရွှေကြောင်မျိုးစိတ်များ၊ ဆန်းဒါးသင်းခွေချပ်၊ တရုတ်သင်းခွေချပ် မျိုးစိတ်များနှင့် စိုင်မျိုးစိတ်များကို မှတ်တမ်းတင်တွေ့ရှိထားပြီး ၎င်းတို့ ရေရှည်ရှင်သန် ရပ်တည်နိုင်ရေးအတွက် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်နှင့် ကလေးခရိုင် ကလေးဝနှင့် မင်းကင်းမြို့နယ်အတွင်းရှိ ၂၉၀၁၄၀ ဒသမ ၈၃၅၈ ဧကရှိ နယ်မြေကို မဟာမြိုင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်လိုက်ကြောင်း ၂၀၂၂ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဘေးမဲ့တောအတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကို ဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးများကိုဖြစ်စေ စွန့်ပစ်ခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်းတို့ကို မပြုလုပ်ရန် ဥပဒေအရ တားမြစ်ထားသည့်အပြင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်းရှိ မည်သည့် တောရိုင်းတိရစ္ဆာန်ကိုမျှ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရ ဖြစ်စေခြင်းများ မပြုလုပ်ရန်လည်း တားမြစ်ထားသည်။

အဆိုပါ ဘေးမဲ့တောအတွင်း မျိုးသုဉ်းမှုအန္တရာယ်ကို ရင် ဆိုင် နေရသည့် အရှေ့ဘက်ခြမ်း မျောက်လွှဲကျော်မျိုးစိတ်များ ရေရှည်ရှင်သန်ရပ်တည်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း အလွန်အရေးတကြီး ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည်။ အဆိုပါ ဘေးမဲ့တောကြီးသည် တစ်ကမ္ဘာလုံးတွင် စုစုပေါင်းကောင်ရေ ၁၀၀၀၀မှ ၅၀၀၀၀ ခန့်သာ ကျန်ရှိတော့သည့် အရှေ့ဘက်ခြမ်း မျောက်လွှဲကျော်မျိုးစိတ်များကျက်စားရာ အမာခံနယ်မြေတစ်ခုလည်းဖြစ်ပြီး ကမ္ဘာ့တစ်ဝန်းရှိ အရှေ့ဘက်ခြမ်း မျောက်လွှဲကျော်ကောင်ရေ စုစုပေါင်း၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းခန့်အထိ နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။ ထို့အတူ မျိုးသုဉ်းလုနီးပါး အာရှဆင် ၆၀ ခန့်အတွက် အရေးပါသော ရှင်သန်ကျက်စားခိုလှုံရာ နေရာတစ်ခုလည်းဖြစ်သည်။

ယနေ့အချိန်တွင် တရားမဝင်သစ်ထုတ်လုပ်မှုနှင့် စားနပ်ရိက္ခာလိုအပ်ချက် များပြားလာမှုများကြောင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု ပိုမို များပြားလာသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ သစ်တောများ အနက် သဘာဝ ထိန်းသိမ်းရေးနယ်မြေပြင်ပရှိ ရှားပါးမျိုးစိတ်များ တဖြည်းဖြည်း လျော့နည်းလာလျက်ရှိသည်။

ထို့အပြင် မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေကို ကမ္ဘာ့အရေးကြီးငှက်မျိုးစိတ်များ ခိုလှုံရာနယ်မြေ (IBA) အဖြစ် သတ်မှတ်ခံထားရပြီး ထူးခြားလှပသည့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဒေါင်းစိမ်းငှက်မျိုးစိတ်များအပါအဝင် ငှက်မျိုးစိတ် ၈၆ မျိုးကျော် အပြင် လိပ်ပြာမျိုးစိတ်ပေါင်း ၇၄ မျိုးကျော်နှင့် မတူကွဲပြားသော သစ်ပင်ပန်းမန်အစုံတို့ကိုလည်း မှတ်တမ်းတင်တွေ့ရှိထားသည့် မြန်မာနိုင်ငံ၏ အကြီးဆုံးဘေးမဲ့တောကြီးဖြစ်သည်။



အရှေ့ဘက်မျောက်လွှဲကျော်



ဆန်းဒါးသင်းခွေချပ်

*ကိုးကား*

*https://www.rainforesttrust.org/urgent-projects/new-wildlife-sanctuary-in-myanmar/?utm_source=google-grant&utm_medium=search&utm_campaign= species&utm_term=&gclid=CjwKCAjwhdWkBhBZEiwA1ibLm DQ13qZHBCduEgD5B7s-Hkfl48Jrvzv0jrbQroFbEhv-36g6hc LiPxoC FYoQAvD_BwE*

# အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ လင်းတငှက်မျိုးစိတ်များ ကျက်စားလျက်ရှိ

ရွှေမိုးညှင်း

**ကချင် ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် လင်းတငှက်မျိုးစိတ်များ တွေ့ရှိရကြောင်း သိရသည်။ အဆိုပါ ရှားပါးငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံတွင် လင်းတငှက်မျိုးစိတ် လေးမျိုးတွေ့ရှိရပြီး အင်းတော်ကြီးတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၌ မျိုးစိတ် သုံးမျိုး ကျက်စားလျက်ရှိကြောင်း သိရသည်။**

အဆိုပါ ဘေးမဲ့တောတွင် ကျက်စားသည့် လင်းတငှက်မျိုးစိတ်သုံးမျိုးမှာ လင်းတကျောဖြူ၊ လင်းတနှုတ်သီးရှည်နှင့် ဟိမဝန္တာလင်းတငှက်တို့ ဖြစ်ကြပြီး အဆိုပါ ငှက်မျိုးစိတ်များမှ ဟိမဝန္တာ လင်းတငှက်မျိုးစိတ်တစ်မျိုးသာ ဆောင်းခို ငှက်မျိုးစိတ်ဖြစ်၍ ကျန်ငှက်မျိုးစိတ်နှစ်မျိုးမှာ ဒေသရင်း ငှက်မျိုးစိတ်များဖြစ်ကြောင်း သိရသည်။

လင်းတငှက်များသည် ယခင်အချိန်က ပေါများစွာ တွေ့ရှိခဲ့သော်လည်း ယခုအခါတွင် ၎င်းတို့၏ စားကျက်မြေများ ပျောက်ဆုံးမှုနှင့် လူတို့၏ သတ်ဖြတ်မှုကြောင့် ငှက်ကောင်ရေ သိသိသာသာ ကျဆင်းလာခဲ့သည်။

ထိုသို့ ကျဆင်းလာရခြင်းမှာ လူတို့၏ စွန့်ပစ်အညစ်အကြေးများနှင့် ပိုးသတ်ဆေးများကြောင့် လင်းတငှက်များ သေကျေဆုံးရှုံးလျက်ရှိကြောင်း၊ သုတေသနမှတ်တမ်းများအရ နွားပိုင်ရှင်များမှ မိမိတို့၏ နွားများ ရောဂါဖြစ်ချိန်တွင် ခွာနာလျှာနာဆေးကို အသုံးပြုလျက်ရှိပြီး ထိုကျွဲနွားများ သေဆုံးသည့်အခါ သေဆုံးနေသော ကျွဲနွားများကို စားသုံး သောကြောင့် လင်းတ ငှက်မျိုးစိတ်များ သ ည် သေကျေဆုံးရှုံးလျက်ရှိကြောင်း သိရသည်။



၂၀၂၃ ခုနှစ် ဧပြီလအတွင်း အင်းတော်ကြီးအိုင်နှင့် ဆက်စပ်ရေဝပ်ဒေသများတွင် လစဉ် ရေပျော်ငှက်မျိုးစိတ်များ စာရင်းကောက်ယူကြရာတွင် ဆောင်းခိုရေပျော်ငှက်မျိုးစိတ် ၂၁ မျိုး၊ ကောင်ရေ ၁၆၂၉ ကောင်နှင့် ဌာနေရေပျော်ငှက်မျိုးစိတ် ၂၀၊ ကောင်ရေ ၄၅၈၆ ကောင် စုစုပေါင်း ငှက်မျိုးစိတ် ၄၁ မျိုး၊ ကောင်ရေ ၆၂၁၅ ကောင်ကို စာရင်းကောက်ယူနိုင်ခဲ့ကြောင်း အင်းတော်ကြီး ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဓာတ်ပုံ-အင်းတော်ကြီး ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံး

## နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့်လုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

**မိုးကောင်း ဇူလိုင် ၁၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် လုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့် ဌာနဆိုင်ရာများက ဇူလိုင် ၁၅ ရက်တွင် လိုက်လံကြည့်ရှုသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြတောင်ကျေးရွာရှိ တောင်သူတစ်ဦး၏ ဆင်းကေရီ-၃ စပါးမျိုး မျိုးစေ့ထုတ်စံပြ စိုက်ခင်းကို ကြည့်ရှုရာ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဋ္ဌေးလွင် က လယ်ယာစိုက်ပျိုး ထားရှိမှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ အောင်သာကျေးရွာ၌ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဝက် ၅၂ ကောင် မွေးမြူထားမှုကို လိုက်လံကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က ဝက်မွေးမြူသူများအား မွေးမြူရေး အထောက်အကူပြု ဝက်ဝမ်းချရောဂါကာကွယ်ဆေးများ၊ ကျေးရွာကော်မတီနှင့် မွေးကုဌာနသို့ ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျွန်းတောရပ်ကွက်ရှိ ဆင်းကေရီစပါးစိုက်ခင်းကို လှည့်လည်ကြည့်ရှုပြီး ဒေသခံတောင်သူများအား ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် နောင်ကိုင်တော်ရပ်ကွက်ရှိ ဘိုကြီးဆန်စက်လုပ်ငန်းလည်ပတ်နေမှုကို လည်းကောင်း၊ သမဝါယမအသင်းစုပိုင် ဆီကြိတ်စက်လည်ပတ်နေမှုကိုလည်းကောင်း၊ နမ္မတီး မြို့လုရပ်ကွက်ရှိ မြို့တော်ခန်းမ ဆောက်လုပ်ပြီးစီးမှုလုပ်ငန်းကိုလည်းကောင်း၊ မရမ်းကျေးရွာ ရွှေဘို- မြစ်ကြီးနားသွား ကားလမ်းမကြီး အလယ် ကတ္တရာလမ်းအကျယ် ၁၀ ပေ၊ အနက် လေးပေခန့် ပြိုကျပျက်စီး၍ ဘေလီတံတား တည်ဆောက်ထားရှိမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိ

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ဇော်မြင့်နီ၏ "ပန်းတွေပွင့်တဲ့ကမ္ဘာ လူငယ်ဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။**



ယင်းစာအုပ်တွင် အလင်းရောင်တို့တည်ရှိရာ၊ တို့ကျောင်းဘဝ တို့အလှဆင်၊ ရွှေခဲကြက်တူရွေး၊ ငွေဗျိုင်းဖြူ၊ မေတ္တာတရား၊ အိမ်မြှောင်မြီးတို၊ ငါးကျွေးသွားရအောင်၊ သဘာဝရတနာ၊ မမြင်နိုင်သောစွမ်းအား၊ အဘိုးအိုနှင့်သစ်ငုတ်တို၊ ပန်းတွေပွင့်တဲ့ကမ္ဘာ၊ ကျောင်းသားကြီး၊ တမာလမ်းမှ အားမာန်ငှက်ကလေးများ၊ အလိုအပ်ဆုံးအရာစသည့်ဝတ္ထုတို ပုဒ်ရေ ၂၄ ပုဒ် ပါဝင်သည်။ ကလေးအရွယ်မှ အရွယ်ရောက်သည်အထိ စာသင်ကျောင်းဝန်းကျင်၊ အညာကျေးရွာဝန်းကျင်တို့ကို အခြေခံကာ ကျောင်းစာကြိုးစားလိုစိတ်၊ လူအချင်းချင်း စာနာထောက်ထားကူညီဖေးမလိုစိတ်၊ သတ္တဝါများကို သနားကြင်နာတတ်သော စိတ်၊ လူမှုစည်းကမ်းများ လိုက်နာလိုစိတ်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်ထိန်းသိမ်းလိုစိတ်၊ မိမိဇာတိရပ်ရွာကို ချစ်ခင်မြတ်နိုးကျေးဇူးဆပ်လိုစိတ်တို့ ပေါက်ဖွားရှင်သန်လာအောင် လှုံ့ဆော်ရေးသားထားသည့်အပြင် စာဖတ်သူတို့အား သုတရော ရသပါ ပေးစွမ်းနိုင်မည့် ဝတ္ထုကောင်းများ ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁ - ၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁ - ၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဇရာကို ရင်ဆိုင်ခြင်းအနုပညာ စာအုပ်ထွက်ရှိ

**အမျိုးသားစာပေဆုရ စာရေးဆရာ ဒေါက်တာတင်ထွန်းဦး ရေးသားသည့် ဇရာကို ရင်ဆိုင်ခြင်းအနုပညာစာအုပ် ထွက်ရှိလာသည်။**

ယခုအခါ တိုးတက်လာသော ဆေးပညာနှင့် လူနေမှုဘဝပုံစံများ ပြောင်းလဲလာမှုတို့နှင့်အညီ လူ့သက်တမ်းများ ပိုရှည်လာပြီး ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အိုဦးရေ အချိုးအစား ပိုမိုများပြားလာလျက်ရှိသည်။ လူသားတစ်ယောက်သည် အသက်ရှည်ဆုံးလူမျိုးများ၏ ပျမ်းမျှအသက် ၈၅ နှစ်အထိ နေထိုင်နိုင်ရန် အစားအသောက် အနေအထိုင်ဆင်ခြင်၍ ကျန်းမာရေးနှင့်အညီ ရောဂါများကို စနစ်တကျ ကာကွယ်နိုင်လျှင် ပို၍ပင် အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့် စာရေးသူက ယင်းစာအုပ်တွင် ဇရာ၏ ဖြစ်စဉ်၊ တိုးတက်လာသည့် လူ့သက်တမ်း၊ အိုမင်းရခြင်း အကြောင်းရင်းများ၊ သက်ကြီးရွယ်အိုတို့တွင် အဖြစ်များသည့် ကျန်းမာရေးပြဿနာနှင့် ရောဂါများ၊ သက်ကြီးရွယ်အိုဖြစ်ရခြင်း၏ အားသာချက်များ၊ ကျန်းမာနုပျိုစွာ အသက်ရှည်နည်းများ၊ သက်ကြီးရွယ်အိုတို့၏ ကျန်းမာရေး ပြဿနာများကို ကြိုတင်ကာကွယ်ခြင်း၊ ဇရာကို အန်တုနိုင်သည့် အစားအစာနှင့် ဖြည့်စွက်ဆေးဝါးများ၊ သက်ကြီးရွယ်အိုတို့တွင် ရှိသင့်သော ခံယူချက်၊ သက်ကြီးရွယ်အိုတို့ အပေါ် ထားရှိသင့်သည့် သဘောထား၊ ဇရာကို အန်တုနိုင်သည့် ရှေ့အလားအလာနှင့် ဇရာကို အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် ရင်ဆိုင်တတ်ခြင်းအနုပညာ စသည်တို့ကို စနစ်တကျ အချိန်ယူလေ့လာ ပြုစုထားခြင်းဖြစ်သည်။




ယင်းစာအုပ်ကို တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower ၊ အနော်ရထာလမ်း (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၅၂၉၃၊ ၀၁-၈၃၉၂၇၃၉ တို့သို့ တိုက်ရိုက်ဆက်သွယ်မှာယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## ဖူဆယ်အားကစားရုံဖွင့်ပွဲနှင့် ပြိုင်ပွဲကျင်းပ

**သန်လျင် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ သီဟဒီပ ဖူဆယ်အားကစားရုံ ဖွင့်ပွဲနှင့်ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်က အဆိုပါ ဖူဆယ်အားကစားရုံခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် သန်လျင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ အဆိုပါပြိုင်ပွဲသို့ သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ကံမမြို့နယ်၌ အခြေခံစားသောက်ကုန်ပစ္စည်းများကို ပြည်သူများထံ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ကံမ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး ကံမမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်ရောင်းဝယ်သူများ၏ တန်ဖိုးသင့်တိုက်ရိုက်အရောင်းဆိုင်ကို ဇူလိုင် ၁၆ ရက်က အမှတ်(၂) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဖွင့်လှစ်ပြီး သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးရာ ဈေးရောင်း ဈေးဝယ်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ထိုသို့ဖွင့်လှစ်ရောင်းချရာတွင် သား/ငါး ၁၀ ဆိုင်၊ ဟင်းသီးဟင်းရွက်ကိုးဆိုင်၊ ကုန်စိမ်းနှစ်ဆိုင်တို့က အမဲသားတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ဝက်သားတစ်ပိဿာလျှင်ကျပ် ၁၃၀၀၀၊ ကြက်ဥတစ်လုံး ၂၁၅ ကျပ်၊ ဘဲဥတစ်လုံးကျပ် ၂၅၀ နှုန်းဖြင့် ရောင်းချပေးခဲ့သည်။ အဆိုပါ တန်းဖိုးသင့် တိုက်ရိုက်အရောင်းဆိုင် ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာဝင်း(ကံမ)**

## ထန်ပါခွေမြို့၌ ရက်လွန်စားသောက်ကုန်များနှင့် ဆေးဝါးများကို ရှောင်တခင်စစ်ဆေးသိမ်းဆည်း

**ထန်ပါခွေ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့ မြို့ပေါ်ရပ်ကွက်များရှိ ဈေးအရောင်းဆိုင်များ၌ ရက်လွန်စားသောက်ကုန်များနှင့် ဆေးဝါးများ ရောင်းချခြင်းမရှိစေရန် မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ဇူလိုင် ၁၅ ရက်တွင် ရှောင်တခင် စစ်ဆေးသည်။

ထန်ပါခွေမြို့ အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ဦး၊ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်ရှိ အရောင်းဆိုင်ခြောက်ဆိုင်၌ ရက်လွန်စားသောက်ကုန်များနှင့် ဆေးဝါးများ ရောင်းချခြင်း ရှိ မရှိ ရှောင်တခင်ဝင်ရောက်စစ်ဆေးကာ ရက်လွန်စားသောက်ကုန်များကို သိမ်းဆည်းခဲ့ပြီးနောက် မြို့အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ကုတ်မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လျှပ်စစ်မီး တိုးချဲ့ပေးနိုင်ရေးဆောင်ရွက်လျက်ရှိ

**တောင်ကုတ် ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများသို့ လျှပ်စစ်မီးအပြည့်အဝတိုးချဲ့ပေးနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

တောင်ကုတ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းထံမှ တင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီများက မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လျှပ်စစ်နှင့် ဆက်စပ်သောလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မြို့ပေါ်ရပ်ကွက်များအတွင်း ဓာတ်အားသုံးစွဲသူပြည်သူများ ဝန်အားအပြည့်သုံးစွဲနိုင်ရန် ထရန်စဖော်မာများ တည်ဆောက်ပေးခြင်းနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်များကို တောင်ကုတ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ကာ ဓာတ်အားအမြန်ဆုံး ပို့လွှတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ



ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်များ၌ ဇူလိုင်လ ပထမပတ်တွင် စပါး/ဆန် ဈေးနှုန်းများ အနည်းငယ် မြင့်တက်နေသည်။ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဇွန်လနောက်ဆုံးပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၄၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၀၃၇၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၃၀၊ စုစုပေါင်းအိတ်ရေ ၄၈၄၀၀၊ တန်အားဖြင့် တန် ၂၄၂၀ စီးထွက်ခဲ့ကြောင်း သိရသည်။

ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၆၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၈၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၇၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း (မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ ၊ စုစုပေါင်း အိတ်ရေ ၆၁၀၀၀၊ တန်အားဖြင့် တန် ၃၀၅၀ စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၁၂၆၀၀၊ တန်အားဖြင့် တန် ၆၃၀ ပို၍ စီးထွက်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့၏ ဇူလိုင်လ ပထမပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၂၉၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၀၊ ရောမင်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၀၀ ၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၀ နှင့် ၂၀၂၂ - ၂၀၂၃ ခုနှစ် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

## တိုးတိုးအောင်ငရုတ် စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံချက်ကုန်းကျေးရွာသည် သီးနှံများ စိုက်ပျိုးရာတွင် ဆည်ရေကို အဓိကထား စိုက်ပျိုးရကြောင်း၊ ငရုတ်သီးနှံကို အောက်တိုဘာလတွင် ပျိုးထောင်၍ နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် ငရုတ်သီးများ စတင် ထွက်ရှိရာ ဇူလိုင်လကုန်တွင် ရိတ်သိမ်းပြီးစီးမည်ဖြစ်ကြောင်း၊ ငရုတ်စတင်စိုက်ပျိုးရာတွင် တစ်ပေါင်နှင့်တစ်ပေါင် သုံးပေကွာဝေးပြီး တစ်ပင်နှင့် တစ်ပင် ၂၀ လက်မခြား၍ စနစ်တကျ စိုက်ပျိုးရကြောင်း၊ ငရုတ်မျိုးအနေဖြင့် တိုးတိုးအောင် ငရုတ်မျိုးကိုသာ စိုက်ပျိုးကြကြောင်း သိရသည်။

ငရုတ်သီးနှံ တစ်ဧကလျှင် စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မြေပြင်စရိတ်၊ သွင်းအားစု၊ လုပ်အားခ၊ စုစုပေါင်း ငွေကျပ် သိန်း ၈၀ ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပိဿာ ၈၀၀၀-၁၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ တိုးတိုးအောင်ငရုတ် ဈေးနှုန်းအနေဖြင့် ယခင်လတွင် ငရုတ်အစို(အစိမ်း) တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ၊ ငရုတ်အစို (အမှည့်)တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဈေးနှုန်းများဖြင့် ရောင်းချရပြီး ယခုအချိန်၌ ငရုတ်အစို (အစိမ်း) တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ၊ ငရုတ်အစို(အမှည့်) တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀ ဈေးနှုန်းသာရရှိပြီး ဈေးကွက်အနေဖြင့် ကျောက်ဆည်နှင့် မြစ်သားမြို့ရှိ ကုန်သည်များမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူလျက်ရှိကြောင်း၊ တိုးတိုးအောင်ငရုတ်သည် စိုက်ပျိုးစရိတ်များသော်လည်း အခြားငရုတ်များထက် အထွက်နှုန်းကောင်းပြီး ဈေးနှုန်း ပိုမိုရရှိသောကြောင့် အကျိုးအမြတ်များစွာရရှိပြီး ပိုမိုစိုက်ပျိုးသင့်သည့် သီးနှံဖြစ်ကြောင်း သိရသည်။ **DOCA (မန္တလေး)**

## ပြည်မြို့ ဆင်မြီးဆွဲဒေသမှ ထွက်ရှိသော ပြောင်းဖူးများ အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၌ မိုးစိုက်ပြောင်းနှင့် ဆောင်းစိုက်ပြောင်းဟူ၍ စိုက်ပျိုးကြပြီး မိုးစိုက်ပြောင်းဖူးကို မိုးရာသီဖြစ်သော မေလနှင့် ဇွန်လများတွင် စိုက်ဧက ၁၂၈၀ စိုက်ပျိုးကြကြောင်း၊ ပြောင်းဖူးသီးနှံကို ပန်းတောင်းမြို့နယ်၌ စိုက်ဧက ၈၆၇ ဧကဖြင့် အများဆုံး စိုက်ပျိုးကြကြောင်း၊ မိုးစိုက်ပြောင်းဖူးကို စိုက်ပျိုးပြီး သုံးလအကြာတွင် ပြောင်းဖူးများ စတင်ခူးဆွတ်၍ ရောင်းချနိုင်ကြောင်း၊ တစ်ဧကလျှင် ပြောင်းဖူးအပင်ရေ ၂၉၀၄၀ စိုက်ပျိုးနိုင်ပြီး တစ်ပင်လျှင် တစ်ဖူးသာ ထွက်ရှိ၍ မြေကောင်းလျှင် နှစ်ဖူးထွက်ရှိကြောင်း သိရသည်။

ပြည်မြို့နယ်၌ ပြောင်းဖူး(အစေး)များကို အများဆုံးစိုက်ပျိုးပြီး ပြောင်းဖူး(အဝါ)ကို အနည်းငယ်သာ စိုက်ပျိုးကြကြောင်း၊ ယခုအချိန် မိုးရာသီကာလတွင် ဆင်မြီးဆွဲဒေသမှ ထွက်ရှိသော ဆင်မြီးဆွဲ ပြောင်းဖူးမှာ ပြောင်းစေးအမျိုးအစားဖြစ်ပြီး တစ်ဖူးလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်၍ ပြောင်းဖူးစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များစွာရရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**



## ပြင်ဦးလွင် ကော်ဖီဈေးကွက်အခြေအနေ

မြန်မာနိုင်ငံတွင် နှစ်ရှည်ကော်ဖီ သီးနှံကို ပြင်ဦးလွင်နှင့် မိုးကုတ်ဒေသများတွင် မြေနိမ့်ကော်ဖီနှင့် ကုန်းမြင့်ကော်ဖီဟူ၍ စိုက်ပျိုးကြပြီး စိုက်ဧကများအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ပြင်ဦးလွင်၌ ၁၀၂၄၅ ဧက၊ မိုးကုတ်၌ ဧက ၄၇၀ စုစုပေါင်း ၁၀၇၁၅ ဧကရှိရာ ပြင်ဦးလွင်မြို့၌ ယခင်နှစ်ထက် စိုက်ဧက ၄၈၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသ၌ ကုန်းမြင့်ကော်ဖီဖြစ်သော Arabica (အားရေးဗီးကား) ကော်ဖီကိုသာ စိုက်ပျိုးကြကြောင်း၊ ကော်ဖီသီးနှံတစ်ဧက အထွက်နှုန်းအနေဖြင့် ကော်ဖီသီး(အစို) ၁၅၆ တန် ကျော်ထွက်ရှိပြီး စိုက်ပျိုးစရိတ်အနေဖြင့် ငွေကျပ် သိန်း ၂၅-၃၀ ခန့် ကုန်ကျကြောင်း၊ ကော်ဖီဈေးကွက်၌ ကော်ဖီစေ့ အရည်အသွေးကောင်းပါက ပို့ကုန် (Export) တစ်တန်လျှင် ငွေကျပ် သိန်း ၁၅၀-၁၆၀၊ အရည်အသွေး နိမ့်ပါက ကော်ဖီစေ့ တစ်တန်လျှင် ငွေကျပ် သိန်း ၇၀-၈၀ ရရှိကြောင်း သိရသည်။

ပြည်တွင်း ဈေးကွက်အနေဖြင့် ပြင်ဦးလွင်ဒေသတွင်း၊ မန္တလေးနှင့် တောင်ကြီးမြို့များသို့ တင်ပို့လျက်ရှိပြီး ပြည်ပတင်ပို့မှုအနေဖြင့် အင်္ဂလန်၊ အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိကြောင်း၊ ယခုနှစ်ပိုင်းတွင် ကော်ဖီ 2 in 1၊ 3 in 1 Value Added လုပ်ငန်းရှင်များမှလည်း အရည်အသွေးကောင်း ကော်ဖီစေ့များကိုသာ ဝယ်ယူ ထုတ်လုပ်လာခြင်းများကြောင့် ပြည်တွင်း ပြည်ပ ဈေးနှုန်းကွာဟမှု ကြီးကြီးမားမား မရှိကြောင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ အသိုင်းအဝိုင်းမှ သိရသည်။

**DOCA (မန္တလေး)**

## The 38th Trade Expo Indonesia (TEI 2023) သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန်ဖိတ်ကြား

The 38th Trade Expo Indonesia (TEI 2023) ကို အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ၊ အလားအလာရှိသော ဝယ်လက်များ၊ တင်သွင်းသူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အဖွဲ့ဝင်များအား ပါဝင်တက်ရောက်ပြသရန် ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲကို အင်ဒိုနီးရှားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ Sustainable Trade for Global Economic Resilience ခေါင်းစဉ်ဖြင့် Hybrid ပုံစံဖြင့် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပြီး Online Product Showcase ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အတွင်း အချိန်မရွေး ပြသနိုင်မည် ဖြစ်သည်။

TEI 2023 တွင် အစားအစာနှင့် အဖျော်ယမကာများ၊ အဝတ်အထည်နှင့် အထည်အလိပ်များ၊ ဓာတုဗေဒ၊ စွမ်းအင်နှင့် စက်မှုထုတ်ကုန်များ၊ Digital ဝန်ဆောင်မှုများ၊ အလှအပရေးရာ ထိန်းသိမ်းမှု၊ ဆေးပစ္စည်းနှင့် ကျန်းမာရေးဝန်ဆောင်မှုနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ စသည်တို့ကို ခင်းကျင်း ပြသသွားမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade. gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

## တောင်ငူမြို့နယ် ကမ်းနီကျေးရွာအုပ်စုအတွင်း နှမ်းခင်းများ အောင်မြင်ဖြစ်ထွန်း

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆီထွက်သီးနှံများ စိုက်ပျိုးမှုအနေဖြင့် မိုးနှမ်း ၃၇၈၉ ဧက စိုက်ပျိုးထားရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။ ဆီထွက်သီးနှံများဖြစ်သည့် မိုးမြေပဲနှင့် မိုးနှမ်းများကို စစ်တောင်းမြစ်ကမ်းရှိ သဲနုန်းမြေများနှင့် အရှေ့ရိုးမတောင်ခြေရှိ ကျေးရွာများတွင် အများအပြား စိုက်ပျိုးကြကြောင်း၊ စစ်တောင်းမြစ် ရေကြီးရေလျှံမှု ဖြစ်ပေါ်ပါက နှမ်းခင်းများသို့ ရေဝင်ရောက်နိုင်သည့်အတွက် စစ်တောင်းမြစ်ကမ်းရှိ နှမ်းခင်းများ ပျက်စီးနိုင်ပြီး စစ်တောင်းမြစ်ရေ ပုံမှန်အတိုင်းရှိပါက ဇူလိုင်လကုန်တွင် နှမ်းခင်းများ ရိတ်သိမ်းနိုင်မည် ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်တွင် နှမ်းတစ်ဧကလျှင် ၈ တင်းမှ ၁၂ တင်းအထိ ထွက်ရှိပြီး ဆီကြိတ်မည်ဆိုပါက နှမ်းတစ်တင်းလျှင် ဆီ ခြောက်ပိဿာခန့် ထွက်ရှိကြောင်း၊ ထွက်ရှိလာသောနှမ်းများကို မိသားစု စားသုံးရန် ဆီအဖြစ် ကြိတ်ခွဲထားရှိပြီး နှမ်းဖတ်များကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြကြောင်း၊ ယခုအချိန်တွင် နှမ်းသီးနှံထွက်ပေါ်ခြင်း မရှိသေးသော်လည်း ယခင်နှစ် ထွက်ပေါ်ခဲ့သောသီးနှံများအရ နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ နှမ်းဖတ် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ရှိကြောင်း၊ မိုးလေဝသနှင့် ရာသီဥတုအခြေအနေအရ မိုးကြီးခြင်း၊ စစ်တောင်းမြစ်ရေလျှံခြင်းများ မဖြစ်ပေါ်ပါက နှမ်းစိုက်တောင်သူများ စားသုံးဆီဖူလုံမှုရှိသည့်အပြင် အကျိုး အမြတ်များစွာ ရရှိနိုင်ကြောင်း သိရသည်။

**DOCA (ပဲခူး)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၇-၂၀၂၃ တနင်္လာနေ့

**MRTV**

[illegible]

MRTV National News

Economic Review

New Future Program

**mitv**

07:01 Evergreen Classic: An Da Yel Kin (Htar)
07:10 Ecotourism: Bat Cave and Chatthin Wildlife Sanctuary
07:23 Faith & Worship (Part-1)
07:43 Mosaic Painting (Precious Stones & Gems)
08:01 News
08:26 ASEAN Women Entrepreneurship: Brunei
08:36 Myanmar Tradition of Lotus Flower
09:01 Skilled Performance of Traditional Myanmar Colored Glass Ball (Ep-1)
09:19 Bago: A City Of Famous Historic Pagoda
09:40 Discovering Tribes: Tai Khun (or) Gon: their life and customs (Part 1)
10:01 News
10:26 Topical Topics (No. 5) Agricultural Water Waste & Better Textile Products
10:33 Listening Pleasure, Instrumental Music (Harp) Tint Tint Tal Tal
10:42 A Lucky Boy

**MRTV NRC**

Arakan Talented Star

[illegible]

**MRTV**

Weekly Sports Info

Sports Diary

MRTV National News

PR SYSTEM

Economic Review

**MRTV Sports**

Sports News

Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review

Education Channel

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ် ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်း ကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

# ရေတာရှည်မြို့နယ်၌ သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

ရေတာရှည် ဇူလိုင် ၁၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်က တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ငါးမျိုးစိုက်ထည့်ရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များက ရေတာရှည်မြို့ လှေကွဲတံတားအနီး ဖျံချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်း နှစ်လက်မအရွယ် ငါးပေါက်ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမကြီး ငါးပေါက်ကောင်ရေ ၁၀၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| --- | --- | --- |
| ဒီဇယ်(တစ်လီတာ) | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၀ ကျပ် | ၂၂၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၈၀ ကျပ် | ၂၁၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၃ ဦးတွေ့ရှိ

(၁၆-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၅၂,၁၂၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၈၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၆၈၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန


မြန်မာ့အလင်း

| | | |
| --- | --- | --- |
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီရွှေ၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
| --- | --- | --- | --- | --- |
| FMI | ၈၁၀၀ | ၈၂၀၀ | ၁၃၅ | ၁၀၉၃၈၀၀ |
| MTSH | ၂၈၀၀ | ၂၈၀၀ | ၂၅၂၅ | ၇၀၇၇၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၃ | ၄၆၅၀ |
| TMH | ၂၃၅၀ | ၂၃၅ | ၉၈ | ၂၃၀၃၀၀ |
| EFR | ၂၃၅၀ | ၂၃၅၀ | ၅၈ | ၁၃၆၃၀၀ |
| AHPC | ၄၈၀၀ | ၅၀၀၀ | ၂၄၁ | ၁၁၅၉၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၀၀၄၆ | ၁၇၅၇၉၇၅၀ |

ညီညီ - စုစည်းသည်

# အလုပ်နှင့်ဘဝ ဟန်ချက်ညီ သဟဇာတဖြစ်မှု

ပွင့်ဖြူခိုင်

**ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံများ၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပြီး အလုပ်လက်မဲ့ဦးရေ လျော့နည်းရေးသည် နိုင်ငံအတွက် ဦးစားပေး ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သကဲ့သို့ အလုပ်သမားများအတွက် သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် လုပ်ငန်းခွင်အခြေအနေရရှိရေးသည်လည်း မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ် ဖြစ်ပါသည်။**

### ဂျပန်နိုင်ငံ၏ အတွေ့အကြုံ

အလုပ်သမားများအတွက်သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် လုပ်ငန်းခွင်အခြေအနေ ရရှိရေး ဆောင်ရွက်ရာတွင် အလုပ်သမားများ အနေဖြင့် အလုပ်နှင့်ဘဝ ဟန်ချက်ညီကာ သဟဇာတ ဖြစ်ခြင်း (Work–Life Balance)သည်လည်း အရေးပါသည့် အချက်တစ်ခု ဖြစ်လာခဲ့သည်။ အလုပ်နှင့်ဘဝ သဟဇာတဖြစ်ခြင်း၏ အရေးပါမှုကို ရှင်းလင်းထင်ရှားစွာ သိရှိနိုင်ရန်အတွက် ဂျပန်နိုင်ငံ၏ အတွေ့အကြုံဖြင့် အကောင်းဆုံး သက်သေပြနိုင်မည် ဖြစ်သည်။ ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် စီးပွားရေးအရ တတိယမြောက် အင်အားအကြီးဆုံးနိုင်ငံဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၄၁ ထရီလီယံရှိသော နိုင်ငံဖြစ်သော်လည်း ကလေးမွေးဖွားနှုန်း ကျဆင်းခြင်း၊ အသက်ကြီးသူဦးရေ များလာခြင်း စသည့်အချက်များသည် နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုကို ခြိမ်းခြောက်လျက်ရှိပါသည်။ ထိုသို့ဖြစ်ရခြင်း အကြောင်းရင်းများအနက် အလုပ်ချိန်ရှည်ကြာခြင်း၊ အလုပ်နှင့်ဘဝ သဟဇာတ ဖြစ်မှု မရှိခြင်းတို့သည် အဓိကအကြောင်းရင်းများ ဖြစ်သည်။ ဂျပန်လူမျိုးတို့၏ အလုပ်ကို စွဲမြဲစွာလုပ်ကိုင်သည့် ဓလေ့ထုံးစံကြောင့် ဒုတိယကမ္ဘာစစ်ပြီးချိန် ၁၉၄၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း အရှိန်အဟုန်ဖြင့် စီးပွားရေးအောင်မြင်တိုးတက်မှုကို ရရှိခဲ့သော်လည်း ၁၉၈၀ ပြည့်နှစ် လွန်နှစ်များတွင် စီးပွားရေးလုပ်ငန်းများမှ အသက် ၄၀ နှင့် ၅၀ ကြားရှိ အဆင့်မြင့်ဝန်ထမ်းများ ဦးနှောက်နှင့် နှလုံးဆိုင်ရာရောဂါများဖြင့်ရုတ်တရက်သေဆုံးခြင်းကိုသတိပြုမိလာကြသည်။

ထိုကဲ့သို့ သေဆုံးခြင်းကို အလုပ်အလွန်အကျွံလုပ်ခြင်းကြောင့် သေဆုံးခြင်း (Death from Overwork) ဖြစ်ကြောင်း သိရှိလာခဲ့သည့်နောက်တွင် ၎င်းတို့၏ အလုပ်လုပ်ကိုင်ပုံ နည်းလမ်း၊ အလုပ်သမားဈေးကွက်တွင် ကျား/မ အခြေအနေ ကွာခြားခြင်းနှင့် အလုပ်နှင့်ဘဝ သဟဇာတဖြစ်မှုကို အကန့်အသတ်ဖြစ်စေသည့် အစိုးရ၏မူဝါဒများအား ပြန်လည်လေ့လာသုံးသပ်ရန် တွန်းအားများ ဖြစ်လာခဲ့သည်။ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန (MHLW) မှ ထုတ်ပြန်ချက်အရ ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း အလုပ် အလွန်အကျွံလုပ်ခြင်းကြောင့် ဦးနှောက်နှင့် နှလုံးထိခိုက်သည့် ရောဂါဖြင့် သေဆုံးသည့်အမှု ၃၀၀ ကျော်ရှိခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် အလုပ်ကို အကြောင်းပြု၍ ဦးနှောက်နှင့် နှလုံးရောဂါ ဖြစ်ပွားသောကြောင့် ထိခိုက်မှုလျော်ကြေးလျှောက်ထားသည့်အမှု ၈၈၉ မှုရှိခဲ့ကာ ၃၇၇ မှု ခွင့်ပြုခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုအတွက် လျှောက်ထားသည့်အမှု ၉၂၇ မှုရှိခဲ့ကာ ၂၆၇ မှု ခွင့်ပြုခဲ့ကြောင်း ဖော်ပြထားသည်။ ၂၀၁၅ ခုနှစ်တွင် အလုပ်အလွန်အကျွံ လုပ်ခြင်းကြောင့် ဦးနှောက်နှင့် နှလုံးထိခိုက်သည့် ရောဂါဖြင့် သေဆုံးသည့်အမှု ၉၆ မှုရှိခဲ့ပြီး အလုပ်ကို အကြောင်းပြု၍ မိမိကိုယ်ကို အဆုံးစီရင်သည့်အမှု ၂၁၅၉ မှု ရှိခဲ့ကြောင်း သိရှိရသည်။ (The Japan Times)

အလုပ်ချိန်နာရီနှင့်ပတ်သက်၍ လူတစ်ဦးသည် တစ်နေ့လျှင် ၁၀ နာရီ မှ ၁၂ နာရီဖြင့် တစ်ပတ်လျှင် ခြောက်ရက် သို့မဟုတ် ခုနစ်ရက် ရေရှည်လုပ်ကိုင်ပါက ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု ခံစားရမည်ဖြစ်ကြောင်း (Mente 2002) တွေ့ရှိရသည်။ ဂျပန်လူမျိုးတို့သည်အလုပ်ကို စွဲမြဲစွာ လုပ်ကိုင်လေ့ရှိကြပြီး ၂၀၁၆ ခုနှစ်အတွင်း ကုမ္ပဏီလေးခုအနက်တစ်ခုသည် တစ်လလျှင် နာရီ ၈၀ မှ ၁၀၀ အထိ အချိန်ပို လုပ်ကိုင်ခဲ့ကြောင်း The Japan Times တွင် ဖော်ပြပါရှိသည်။ Expedia Japan Survey စစ်တမ်းအရ ၂၀၁၅ ခုနှစ်တွင် ဂျပန်လူမျိုး ၅၃ ရာခိုင်နှုန်းတို့သည် နှစ်စဉ်ခံစားခွင့်ရှိသည့်ခွင့်ရက် မည်မျှရရှိကြောင်းကို မသိဘဲ အားလပ်ရက် အနားယူခြင်းနှင့် ခွင့်ခံစားခြင်းသည် အပြစ်ရှိသည့် လုပ်ရပ်အဖြစ် ခံယူလေ့ရှိကြကာ ၅၂ ရာခိုင်နှုန်းကသာ အလုပ်နှင့် ဘဝ သဟဇာတဖြစ်မှု မရှိမဖြစ် လိုအပ်ကြောင်းလက်ခံသဘောတူပါသည်။ 2016 Indeed Job Happiness Index ၏ ၃၅ နိုင်ငံအား လေ့လာတွေ့ရှိချက်အရ လုပ်ငန်းခွင်ပျော်ရွှင်မှု အညွှန်းကိန်းတွင် ဂျပန်နိုင်ငံသည် နောက်ဆုံး နေရာတွင်ရှိကြောင်း ဖော်ပြထားသည်။

အလုပ်လုပ်ကိုင်ရာတွင် ကျား/မ အပေါ် မူတည်၍ အခြေအနေ ကွာခြားမှုအနေဖြင့် အိမ်ထောင်စုဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံး အလုပ်လုပ်ကိုင်ရာ အမျိုးသားများမှာ အလုပ်ချိန်နာရီရှည်ကြာခြင်း၊ ခွင့်ယူရန် ခက်ခဲခြင်း တို့ကြောင့် အိမ်မှုကိစ္စများ ဆောင်ရွက်ရန်နှင့် ကလေးစောင့်ရှောက်ခြင်းအတွက် အချိန်လုံလောက်စွာရရှိမှု မရှိသောကြောင့် အမျိုးသမီးများအနေဖြင့် အလုပ်ဆက်လက် လုပ်ကိုင်ခြင်းနှင့် သား၊ သမီး မွေးဖွားခြင်းတို့ နှစ်ခုအနက် တစ်ခုကိုသာ ရွေးချယ်ရမည့်အခြေအနေ ဖြစ်ပေါ်ရာ အကျိုးဆက်အဖြစ် အမျိုးသမီး အလုပ်သမား ၅၀ ရာခိုင်နှုန်းကျော်မှာ ပုံမှန်မဟုတ်သော အချိန်ပိုင်း အလုပ်သာ လုပ်ကိုင်ရခြင်း၊ နိုင်ငံ၏ ကလေးမွေးဖွားနှုန်း ကျဆင်းခြင်းတို့ ဖြစ်ပေါ်လာခဲ့သည်။ ထို့ပြင် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် စစ်တမ်းအရ ကလေးစောင့်ရှောက်ခွင့်ယူသည့် မိခင်အလုပ်သမားဦးရေ ၈၃ ရာခိုင်နှုန်း ရှိခဲ့ပြီး ဖခင်အလုပ်သမားဦးရေ ၇ ဒသမ ၄၈ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဂျပန်နိုင်ငံသည် ကလေးမွေးဖွားမှုနှုန်း အနိမ့်ဆုံးဖြစ်ပြီး သက်ကြီးရွယ်အို လူဦးရေများကာ သက်တမ်းအရှည်ဆုံးနိုင်ငံဖြစ်သောကြောင့် ၂၀၂၂ ခုနှစ်တွင် အသက် ၆၅ နှစ်အထက် လူဦးရေ ၂၉ ဒသမ ၉ ရာခိုင်နှုန်းရှိရာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ အတွင်း ၇ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၉ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီး ၂၀၆၀ ပြည့်နှစ်တွင် အသက် ၆၅ နှစ်အထက်လူဦးရေသည် နိုင်ငံစုစုပေါင်းလူဦးရေ၏ ၃၈ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။


ကလေးမွေးဖွားမှုနှုန်းအနေဖြင့် ၁၉၇၀ ကျော်ကာလများမှစ၍ ကျဆင်းခဲ့ရာ ၂၀၀၅ ခုနှစ်တွင် ကလေးမွေးဖွားမှုနှုန်း ၁ ဒသမ ၂၆ ရာခိုင်နှုန်းရှိ၍ အနိမ့်ဆုံး ဖြစ်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာ စိုးရိမ်ရသည့်အခြေအနေတွင် ဆက်လက်တည်ရှိနေကြောင်း တွေ့ရှိရသည်။ အလုပ်လုပ်နိုင်သူဦးရေသည် ၂၀၁၁ ခုနှစ်တွင် ၆၄ ရာခိုင်နှုန်းရှိရာမှ ၂၀၅၅ ခုနှစ်တွင် ၅၁ ရာခိုင်နှုန်းအထိ ကျဆင်းမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ သို့ဖြစ်၍ နိုင်ငံ၏ အလုပ်လုပ်နိုင်သူဦးရေ လျော့နည်းလာခြင်း၊ သက်ကြီးရွယ်အို စောင့်ရှောက်စရိတ်များ မြင့်လာခြင်းတို့ကြောင့် လူမှုရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်ကာ နိုင်ငံ၏ လူမှုစီးပွားကို များစွာထိခိုက်စေမည့် အခြေအနေဖြစ်ပေါ်လျက်ရှိသည်။

### အစိုးရ၏မူဝါဒများ ပြင်ဆင်ပြောင်းလဲ

အလုပ်နှင့်ဘဝ ဟန်ချက်ညီကာ သဟဇာတ ဖြစ်ခြင်းကို ထိခိုက်နေသည့် အခြေအနေများကြောင့် အလုပ်လုပ်ကိုင်ပုံနည်းလမ်း၊ အလုပ်သမားဈေးကွက်တွင် ကျား/မ အခြေအနေကွာခြားခြင်းနှင့် အလုပ်နှင့်ဘဝ သဟဇာတဖြစ်မှုကို အကန့်အသတ်ဖြစ်စေသည့် အစိုးရ၏ မူဝါဒများအား ပြန်လည်လေ့လာ သုံးသပ်ခြင်းနှင့် အဆင့်ဆင့် ပြင်ဆင်ပြောင်းလဲခြင်းများ ပြုလုပ်ခဲ့ရာ ဂျပန် နိုင်ငံ အစိုးရအနေဖြင့် ၁၉၈၆ ခုနှစ်တွင် အလုပ်အကိုင်ဆိုင်ရာ တန်းတူအခွင့်အရေးရရှိရေး ဥပဒေကို ပြဋ္ဌာန်းကာ အလုပ်အကိုင်နှင့် ပတ်သက်၍ ကျား/မ ခွဲခြားဆက်ဆံမှုကို တားမြစ်ခြင်း၊ ၁၉၉၂ ခုနှစ်တွင် ကလေးနှင့် မိသားစုစောင့်ရှောက်ခွင့်ခံစားမှုဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်း၍ ကလေးမွေးဖွားပါက စောင့်ရှောက်ခွင့် တစ်နှစ် ခွင့်ပြုပေးခြင်း၊ အမျိုးသားအလုပ်သမားများအား ဇနီးကလေးမွေးဖွားပါက စောင့်ရှောက်ခွင့်ပေးခြင်း အပါအဝင် ခွင့်ခံစားမှုဆိုင်ရာ အခွင့်အရေးများ တိုးမြှင့်သတ်မှတ်ပေးခြင်း၊ ၂၀၁၆ ခုနှစ်တွင် အမျိုးသမီးများ အလုပ်လုပ်ကိုင်နိုင်ရေးဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်း၍ ကောင်းမွန်သော အလေ့အထ/စနစ်များ ထားရှိကျင့်သုံးသည့် ကုမ္ပဏီများအား အသိအမှတ်ပြု ချီးမြှင့်ခြင်း၊ ၂၀၁၉ ခုနှစ်တွင် အလုပ်လုပ်ကိုင်သည့်ပုံစံ ပြုပြင်ပြောင်းလဲခြင်းဆိုင်ရာဥပဒေတို့ကိုပြဋ္ဌာန်း၍ သတ်မှတ်အချိန်ပိုနာရီထက် ကျော်လွန်လုပ်ကိုင်ပါက ပြစ်ဒဏ်ပေးခြင်း (တစ်လလျှင် အချိန်ပိုနာရီ ၈၀ နာရီထက် ကျော်လွန်လုပ်ကိုင်ခြင်းကို ဥပဒေချိုးဖောက်မှုအဖြစ် သတ်မှတ်အရေးယူခြင်း) စသည်တို့ကို ဆောင်ရွက်ကာ နိုင်ငံ၏ အနာဂတ်တွင် ရင်ဆိုင်ကြုံတွေ့ရမည့် အန္တရာယ်မှ လွတ်မြောက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

အလုပ်နှင့်ဘဝ ဟန်ချက်ညီကာ သဟဇာတ ဖြစ်ခြင်း (Work–Life Balance)၏ လက္ခဏာများအနေဖြင့် အချိန်အားဖြင့် သဟဇာတဖြစ်ခြင်း၊ ပါဝင်မှုအားဖြင့် သဟဇာတဖြစ်ခြင်း၊ ကျေနပ်နှစ်သက်မှုအားဖြင့် သဟဇာတဖြစ်ခြင်းဟူ၍ သုံးမျိုးရှိရာ အချိန်အားဖြင့် သဟဇာတဖြစ်မှုသည် အလုပ်နှင့် အလုပ်ပြင်ပရှိ အခြားကဏ္ဍများအတွက် မျှတသော အချိန်ရရှိနိုင်ခြင်းဖြစ်ပြီး ပါဝင်မှုအားဖြင့် သဟဇာတဖြစ်မှုသည် အလုပ်နှင့် အလုပ်ပြင်ပရှိ အခြားကဏ္ဍများအတွက် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ခံစားမှုဆိုင်ရာ မျှတသော အာရုံစိုက်/ ကတိပြုဆောင်ရွက်မှုပြုခြင်းဖြစ်ကာ ကျေနပ်နှစ်သက်မှုအားဖြင့် သဟဇာတဖြစ်မှုသည် အလုပ်နှင့် အလုပ်ပြင်ပရှိ အခြားကဏ္ဍများအတွက် ကျေနပ်နှစ်သက်မှုရှိခြင်း ဖြစ်ပါသည်။

အလုပ်နှင့်ဘဝ သဟဇာတဖြစ်စေရန် ဆောင်ရွက်ရမည့်နည်းလမ်းများတွင် အလုပ်ချိန်လျှော့ချပေးခြင်း၊ အလုပ်စချိန်ကို သင့်တော်သလို ပြောင်းလဲသတ်မှတ် လုပ်ကိုင်ခွင့်ပြုခြင်း၊ ပူးပေါင်းမျှဝေလုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးနည်းလမ်းအသုံးပြုလုပ်ကိုင်ခြင်း၊ အိမ်မှလုပ်ကိုင်ခြင်း၊ ကလေးငယ်များရှိသော အလုပ်သမားများအတွက် အလုပ်ချိန်လျှော့ပေးခြင်း၊ အမျိုးသမီးများ မီးဖွားခွင့်နှင့် အမျိုးသားများအတွက် ကလေးစောင့်ရှောက်ခွင့်ပေးခြင်း၊ မိသားစုစောင့်ရှောက်ခွင့်ပေးခြင်း၊ လုပ်ငန်းခွင်တွင် ကလေးစောင့်ရှောက်ရေး အစီအစဉ်များ ထားရှိပေးခြင်း စသည်တို့ ပါဝင်သည်။




> **“အလုပ်နှင့်ဘဝ သဟဇာတဖြစ်စေရန် ဆောင်ရွက်ရမည့်နည်းလမ်းများတွင် အလုပ်ချိန်လျှော့ချပေးခြင်း၊ အလုပ်စချိန်ကို သင့်တော်သလို ပြောင်းလဲသတ်မှတ် လုပ်ကိုင်ခွင့်ပြုခြင်း၊ ပူးပေါင်းမျှဝေလုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေး နည်းလမ်းအသုံးပြုလုပ်ကိုင်ခြင်း၊ အိမ်မှလုပ်ကိုင်ခြင်း၊ ကလေးငယ်များရှိသော အလုပ်သမားများအတွက် အလုပ်ချိန်လျှော့ပေးခြင်း၊ အမျိုးသမီးများ မီးဖွားခွင့်နှင့် အမျိုးသားများအတွက် ကလေးစောင့်ရှောက်ခွင့်ပေးခြင်း၊ မိသားစုစောင့်ရှောက်ခွင့်ပေးခြင်း၊ လုပ်ငန်းခွင်တွင် ကလေးစောင့်ရှောက်ရေးအစီအစဉ်များ ထားရှိပေးခြင်း စသည်တို့ ပါဝင်သည်”**

### အကျိုးကျေးဇူးများ

အလုပ်နှင့်ဘဝ ဟန်ချက်ညီကာ သဟဇာတ ဖြစ်ခြင်းဖြင့်ရရှိသည့် အကျိုးကျေးဇူးများအဖြစ် အလုပ်သမားများအနေဖြင့် အလုပ်နှင့် လုပ်ငန်းခွင်ပြင်ပရှိ ကိုယ်ပိုင်ဘဝတွင် ကျေနပ်ပျော်ရွှင်ပြီး လုပ်ငန်းခွင်မှ ပြဿနာများအား အိမ်သို့ သယ်ဆောင်ခြင်းနှင့် အိမ်မှပြဿနာများအား လုပ်ငန်းခွင်သို့ သယ်ဆောင်ခြင်းမပြုဘဲ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာပျော်ရွှင်နိုင်ခြင်း၊ အလုပ် လုပ်ကိုင်လိုစိတ်ရှိခြင်း၊ တာဝန်ကို ပိုမိုရယူလိုစိတ်ရှိခြင်း၊ မိမိကိုယ်ကို ယုံကြည်မှု တိုးတက်၍ စီမံအုပ်ချုပ်သူများနှင့် ကောင်းမွန်သောဆက်ဆံရေး ထားရှိနိုင်ခြင်း၊ အာရုံစူးစိုက်မှု ကောင်းမွန်ခြင်း၊ အလုပ်အပေါ် သစ္စာရှိခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရရှိနိုင်ကာ အလုပ်ရှင်များအနေဖြင့်လည်း ကုန်ထုတ်လုပ်မှု တိုးတက်ခြင်း၊ တက်ကြွ၍သစ္စာရှိပြီး စိတ်ဖိစီးမှုနည်းကာ ထုတ်လုပ်နိုင်စွမ်းကောင်းမွန်သော အလုပ်သမားများရှိခြင်း၏ အကျိုးကျေးဇူးကိုရရှိခြင်း၊ အရည်အသွေးရှိသော အလုပ်သမားများ ရရှိခြင်းနှင့် တည်မြဲခြင်း စသည့်အကျိုးများကို ရရှိနိုင်မည် ဖြစ်သည်။ သို့ဖြစ်ပါ၍ အလုပ်နှင့်ဘဝ ဟန်ချက်ညီကာ သဟဇာတဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားများသာမက နိုင်ငံအတွက်ပါ အကျိုးရှိသည့် အခြေအနေကို ဖန်တီးနိုင်မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ ဆင်အိုင်မကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် စာသင်ကျောင်းတစ်ကျောင်း အပါအဝင် လူနေအိမ် ၆၅ လုံး မီးလောင်ပျက်စီးဆုံးရှုံး၊ အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရရှိ

PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့သည့် ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာ နေရာပြပုံ



**နေပြည်တော် ဇူလိုင် ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာအနီး လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁၅ ရက်တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်တိုက်ခိုက်၍ ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာရှိ စာသင်ကျောင်း တစ်ကျောင်း အပါအဝင် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ပြီး အရပ်သားပြည်သူအချို့ သေဆုံးဒဏ်ရာရရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင် တချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာအနီး လုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၁၅ ရက် နံနက် ၆ နာရီ မိနစ် ၄၀ ခန့်တွင်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲခန့်တွင် လည်းကောင်း လက်နက်ကြီး၊ လက်နက်ငယ်များ အသုံးပြု၍ အင်အားအလုံးအရင်းဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သမားများသည် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ နောက်သို့ ထက်ကြပ်လိုက်လံချေမှုန်း တိုက်ခိုက်ခြင်း မပြုနိုင်ရန်အတွက် ကျေးရွာအတွင်းရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီး သွားခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် လူနေအိမ် ၆၅ လုံးနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်းတို့ မီးလောင် ပျက်စီးသွားခဲ့ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျေးရွာနေ အရပ်သားပြည်သူ တစ်ဦး သေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်၍ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲ ဖြစ်ချိန်တွင် ဒေသခံ ကျေးရွာသူ၊ ကျေးရွာသားများအား လူသားတံတိုင်း သဖွယ် အကာအကွယ်ရယူခြင်း၊ ကျေးရွာများအနီး တိုက်ပွဲဖြစ်ပွားပြီး ၎င်းတို့အထိနာ၍ ဆုတ်ခွာထွက်ပြေးချိန်တွင်လည်း လုံခြုံရေး တပ်ဖွဲ့ဝင်များက ၎င်းတို့၏နောက်သို့ ထက်ကြပ်လိုက်လံချေမှုန်းခြင်း မပြုနိုင်ရန် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နယ်မြေတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) ကို ဂျီနီဗာကွန်ဗန်းရှင်း လေးရပ်ကို အခြေခံသော လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ဥပဒေ (Law of Armed Conflict) ပြဋ္ဌာန်းချက်များနှင့် အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules of Engagement–ROE) အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့သည့် ကလေးဝမြို့နယ်၊ ဆင်အိုင်မကျေးရွာရှိ လူနေအိမ်များ။

## ရွှေဘိုမြို့ မြို့မဈေးအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ကိုရင်တစ်ပါး၊ ကလေးငယ်နှစ်ဦး၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိ

**နေပြည်တော် ဇူလိုင် ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ (၄) ရပ်ကွက် အနောက်ဈေးရပ်ရှိ မြို့မဈေးအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ် အသုံးပြု၍ Drop Bomb များဖြင့် ယနေ့နံနက်ပိုင်းတွင် ပစ်ချတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၄) ရပ်ကွက်ရှိ ရွှေဘိုမြို့မဈေးအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် Drone ယာဉ်အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ ဈေးအတွင်း သား/ငါး အရောင်းဆိုင်များအနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါ နေရာအနီး ရောက်ရှိနေကြသည့် ကိုရင် အာလောက (ခ)အာကာကျော်နှင့် ကလေးငယ်နှစ်ဦးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား သုံးဦး၊ အမျိုးသမီးငါးဦးတို့တွင်လည်း ဗုံးသီးစများ အသီးသီး ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး အဆိုပါဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွှေဘိုမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုကဲ့သို့ အပြစ်မဲ့အရပ်သား ပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် မြို့မဈေးအတွင်း Drone ယာဉ်ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ် အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ရွှေဘိုမြို့ မြို့မဈေးအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ။

## MNL ပြိုင်ပွဲတွင် မဟာယူနိုက်တက်အသင်း နိုင်ပွဲဆက်

**ရန်ကုန် ဇူလိုင် ၁၆**
၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) ဒုတိယနေ့ကို ဇူလိုင် ၁၆ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ရှုံးပွဲကြုံတွေ့**

မဟာယူနိုက်တက် အသင်းသည် နိုင်ပွဲဆက်ခဲ့ပြီး အမှတ်ပေး ဇယား အဆင့်သုံးနေရာကို မျှော်မှန်းနိုင်သည် အနေအထား အထိ ရောက်ရှိလာခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ ရာသီဝက် အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်ထားသော်လည်း ဒုတိယအကျော့အဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဝါရင့်ကစားသမား သက်နိုင် ခြေစွမ်းပြခဲ့သည့်ပွဲလည်း ဖြစ်သည်။ မဟာယူနိုက်တက် အသင်းအတွက် ၃၆၊ ၅၇ မိနစ်တွင် သက်နိုင်က တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့ပြီး နောက်ထပ် အနိုင်ဂိုးတစ်ဂိုးကို ၉၀+၄ မိနစ်တွင် ကောင်းမြတ်သူက သွင်းယူခဲ့သည်။ ရခိုင်ယူနိုက်တက် အသင်းအတွက် ချေပဂိုးကို ၉၀+၃ မိနစ်တွင် ကောင်းစည်သူက သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၂ ပွဲကစား ရမှတ် ၁၇ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၂ ပွဲ ကစားရမှတ် ၁၃ မှတ် ရရှိထားသည်။

**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ် (၁၂) တတိယနေ့အဖြစ် ဇူလိုင် ၁၇ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**ရဲရင့်လွင်**

## တာမွေနှင့် လောက်ကိုင်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီ ၃၅ မိနစ်တွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ကျိုက္ကဆံလမ်းမကြီး၌ မသင်္ကာဖွယ် တွေ့ရှိသူ မြင့်သိန်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့နံနက် ၈နာရီတွင် ပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ ရပ်ကွက် (၂)ရှိ ကောင်းရွှယ် ငှားရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Hein Min Aung (Linn Nhyo Taryar)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်နေ လင်းညို့တာရာ(ခ)ဟိန်းမင်းအောင်အား နံနက် ၁၁ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "အမေတစ်ခု သားတစ်ခု" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ငွေသောင်(အနောက်)ကျေးရွာနေ ခင်သောင်း(ခ) မောင်ပိုင်းအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Sai Mon" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရေလယ်ကျွန်းကျေးရွာနေ ဖြိုးညိမ်း(ခ)စိုင်းမော် အား ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "လမ်းသရဲ" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ အောင်နီလာ(၂)ရပ်ကွက်နေ ရဲနိုင်ထွန်း(ခ) ညိုသေးအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကသာမြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲကျင်းပ

**ကသာ ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲကို ယမန်နေ့က ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ကသာခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက သင်တန်းတွင် ပို့ချမည့် လူသုံးကုန်ပစ္စည်းများ အကြောင်းနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်တန်းနည်းပြဆရာက ပန်းကန်ဆေးဆပ်ပြာရည်ပြုလုပ်ခြင်း စတင်သင်ကြားပေးသည်။

သင်တန်းကို ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိ လည်းကောင်း၊ အမှတ်စဉ်(၂)သင်တန်းကို ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး တစ်ဦးချင်းဝင်ငွေတိုးပွားစေရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ လူသုံးကုန်ထုတ်လုပ်မှုဆိုင်ရာ ဥပဒေညွှန်ကြားချက်များကို သိရှိနိုင်စေရန်ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးနယ်မြေရဲစခန်းမှ စစ်ဆေးရေးအဖွဲ့က မကွေးမြို့နယ် မဲထီးလမ်းနှင့် မြို့ပတ်လမ်းထောင့်၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စေတုတ္တရာမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စေတုတ္တရာမြို့နယ် ကျောက်မဲ့ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ပျဉ်းကတိုးသစ်ခွဲသားနှင့် အင်ကြင်းခွဲသား ၂ ဒသမ ၀၁၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၅၇၀၀) နှင့် အဆိုပါသစ်များတင်ဆောင်သော Faw Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကိုသစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၅၇၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့က ဘားအံမြို့ရှောင်လမ်းနှင့် မော်လမြိုင်-ဘားအံကားလမ်းပေါ်တွင် ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကလေးအင်္ကျီ အထည် ၂၀၀ အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၁၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့အား ရှောင်ကွင်း၍ တရားမဝင်ကုန်စည်များ သယ်ဆောင်လျက်ရှိကြောင်း သတင်းအရ ကျားကလေး-ဇာသပြင်-မော်လမြိုင်သို့ သွားသည့်ကားလမ်းပေါ်တွင် ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးနှင့် ကျုံဒိုးမှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Sponsor Energy Drink ဖာ ၇၀၀ ၊ Lipovitan-D Energy Drink ဖာ ၂၀၀၊ Cooking Oil ၁၆၀၀ လီတာ၊ Yum Yum Instant Noodle ဖာ ၅၀၊ Biscuits မျိုးစုံ ဖာ ၅၀၊ Flying Horse Fertilizer ၈၇၅၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၄၈၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan Condor Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Mitsubishi Canter Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၉၆၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Child Wear Cotton အထည် ၁၃၅၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀)နှင့် သွင်းကုန်ကြေညာလွှာနှင့် Brand ကွဲလွဲတင်သွင်းလာသော GS Caltex High Density Polyethylene ၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေး(၁၆)မိုင်ကျောက်ချော စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းပါကေးချပ် ၀ ဒသမ ၃၂၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၆၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်သော Nissan Condor Truck တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၆၁၆၈၀)**ကို ဖမ်းဆီးရမိခဲ့သဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဒိုက်ဦးမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ်၊ ပျဉ်းကတိုးသစ် (၁၂၂ ဒသမ ၈၄၂၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၁၅၈၈၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒု-ရဲမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အောင်မြေသာစည်လမ်းပေါ်၌ လိုင်စင်မဲ့ Honda Airwave မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၂၇၁၂၆၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**


### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၉/ပုဗ္ဗသီရိ အနောက်ရပ်) မြေကွက်အမှတ် (ပ-၃၂၄၈၂)၊ အကျယ်အဝန်း (၄၀ x ၆၀)၊ စတုရန်းပေ (၂၄၀၀)၊ (၀.၀၅၅)ဧကရှိ နှစ်(၃၀) ဂရန်အပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သည့် မြေပေါ်မြေ အောက် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုးနိုင်(ဘ) ဦးလွန်းမောင် (၉/ပမန(နိုင်)၀၃၄၀၇၂) မှ အဆင့်ဆင့် ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံး ဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ ဦးသန်းဝင်း (ဘ) ဦးဖိုးကော် (၁၄/မနဖ(နိုင်)၀၀၂၉၇၁) က ၎င်းလက်ဝယ်ရှိ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မင်းမင်းသန်း (၈/နမန(နိုင်) ၀၀၀၀၃၅) မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများ နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (တစ်လ)အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမာလာ (ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၅၃၉၉၄)
ပ-၃၂၃၇၃၊ ငုရွှေဝါလမ်း၊ ဝဏ္ဏဒီပရပ်ကွက်၊
ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၀၉-၄၀၀၄၂၉၅၉၇၊ ၀၉-၆၉၃၀၀၉၅၈၆

### အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ကုန်းဘောကျေးရွာ၊ ကွင်းအမှတ်(၆၈၁-ဃ)၊ ဦးပိုင်အမှတ်(၂၁)အနက်မှခွဲ၍ ဧရိယာအကျယ်အဝန်းပေ(၄၀ x ၆၀)ရှိ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်မြခိုင်(MBU-103624) ထံမှ ကျွန်မ ဒေါ်ခင်စန်းငွေး (၅/ကလဝ(နိုင်)၀၃၅၂၁၄) က အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ၁၅-၆-၂၀၂၃ ရက်စွဲပါ "နှစ်ဦးသဘောတူ မြေနှင့်အိမ် အရောင်းအဝယ် စရန်ပေးကတိစာချုပ်" ချုပ်ဆို၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်တွင် အသေးစိတ် ဖော်ပြထားသော မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)ဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်ခြင်း မရှိပါက အပြီးသတ်ငွေပေးချေခြင်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ကျွန်မမှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။


ဒေါ်ခင်စန်းငွေး ၅/ကလဝ(နိုင်)၀၃၅၂၁၄
ထုံးဘိုကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊
ဖုန်း-၀၉-၄၀၁၆၂၆၂၃

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဘန့်ပြင်းကျေးရွာနေ (ဘ) ဦးကျော်ဝင်း၏ သမီး မငွေးငွေးမြင့် (၈/မလန(နိုင်) ၁၂၆၁၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-417300) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉ - ၇၈၅ ၄၅၂ ၈၈၀

### ပြင်ပအလင်းရောင်ကို အသုံးချပါ။ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ။



# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၂-၆-၂၀၂၃ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်**။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/3543 TVS 200 T.W(3x2)ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမြတ်စိုး ၉/အမရ(နိုင်)၀၈၅၂၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/62753 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၉/မနတ(နိုင်)၀၉၂၃၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/42771 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/63776 Canda 110 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/17898 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Khin Thet Htar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/3905 Toyota Wish ZNE10 S/W(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးယုန်ကုတ် ၁၃/ကခန(နိုင်)၀၁၉၂၈၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၈)၊ ဦးပိုင်အမှတ်(၉၃)ခဲစင်း၊ ၆၇x၆၈ လမ်းကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင် DV-၀၁၃၃၄၉ ၏ (SP ရသူ ဦးကျော်နိုင်)က အမည်ပေါက်သူ ဦးတင်မောင်၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်းတင်ပြစာ၊ တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၅၂၉/၂၀၂၃-၂၀၂၄) ဖြင့် တောမှမြို့ပြောင်း၊ ဦးပိုင်ခွဲ၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၈၈၉၆၄ Honda Scoopy 110 cc ယာဉ်လက်ဝယ်ရှိသူ Amazing New Sky Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/ 65758 Yamaha Q Bix 125 ယာဉ်လက်ဝယ်ရှိသူ Bamboo Shade Family Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/23240 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Lucky Shwe Pyi Co.Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်(၅၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊အမှတ် (၃၈၁/ဘီ)ပါမစ်မိတ္တူခြမ်း ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ(၂၀x၆၀)ရှိ အိမ်နှင့်မြေ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားသည်။ ဒေါ်ဝေဝေရီ ၆/ထဝန(နိုင်)၀၃၇၆၅၉မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ဝန်ခံကတိပြုသူထံမှ အထက်ပါအိမ်နှင့်မြေကို ကျွန်တော်၏မိတ်ဆွေ ဦးကျော် ခိုင်ဦး ၁၂/မရက(နိုင်)၀၀၈၅၉၁တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်း အထောက်အာထားမူရင်းများနှင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာထွန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၈၀၅)**
**၂၉.၇.၂၀၁၆**
**အမှတ်(၄၈၃)၊မြရတနာ(၁)လမ်း၊မြောက်ဥက္ကလာ**
**ဖုန်း-၀၉-၇၇၀၅၃၅၂၉၉၊ ၀၉-၄၄၈၂၉၂၆၂၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/56178 WSC CLICK 125 M/C ယာဉ်လက်ဝယ်ရှိသူ Eastern Utopia Enterprises Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/39310 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဝင်း ၉/မနတ(နိုင်)၀၇၂၄၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ် တရားမအထွေထွေမှုအမှတ် (၂၅)

**ကွယ်လွန်သူ ဦးဘုန်းကျော်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု-**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တပ်ကြီးကျေးရွာအုပ်စု၊ တပ်ကြီးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဘုန်းကျော် ကျန်ရစ်သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၃၀၊ ဦးပိုင်အမှတ်-၄၁/၃၊ ဧရိယာ ၀ ဒသမ ၂၈ဧကရှိ ကိုင်းမြေ (၁)ကွက်နှင့် ကွင်းအမှတ်-၆၃၀၊ ဦးပိုင်အမှတ်-၃၄/ ၁၀၀၊ ဧရိယာ ၃ ဒသမ ၅၀ ဧကရှိ ကိုင်းမြေ(၁)ကွက်တို့ အပေါ်၌ အမွေထိန်း လက်မှတ်စာထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်စီမှ အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀ ရက် (၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဘုန်းကျော်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၃ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စီ၏ လျှောက်လွှာပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းထူး)**
**ဒုတိယခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

နန့်တောမြို့၊ ဟုမ္မလင်းမြို့နယ်၊ ဟုမ္မလင်းခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျွန်တော် ဦးသိန်းတန်သည် အောက်ဖော်ပြပါ တံဆိပ်အမည်

**(၁) ရွှေတောင်နဒီ**

အမည်တံဆိပ်ဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန်စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့် စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဦးသိန်းတန် ၅/ဟမလ(နိုင်)၀၂၈၅၂၈**
**ဖုန်း-၀၉-၂၀၅၉ ၈၉၆**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်း မြို့နယ်၊ (၂) ရပ်ကွက်၊ ရန်ရှင်း လမ်း၊ SKY SUITES CONDO, အခန်းအမှတ်(၂၀ ၀၈)၊ အကျယ်အဝန်း (၁၆၆၉)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်ကွန်ဒိုတိုက်ခန်းကို လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးချစ်ပိုင် ၁၂/မဘန(နိုင်)၀၀၃၅၇၀ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေမျိုးဝင်း ၁၂/သကတ(နိုင်)၁၄၁၄၇၅က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါ ကျွန်ုပ်တို့ရုံးခန်းသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ဘုရားကုန်း အဆင့်(၁)၊ ကျောက်ရေတွင်းမြို့ပြကွက်သစ်၊ ခရေလမ်း၊ မြေကွက်အမှတ်(၆၇)ဟုခေါ်တွင်သော ဦးသိန်းအောင် အမည်ပေါက် (ပါမစ်) မြေကွက်၊ အလျားxအနံ ပေ(၄၀x၆၀)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အားလုံးတို့ကို မူလပိုင်ရှင်အမည်ပေါက်သူ ဦးသိန်းအောင် (ဘ) ဦးမောင်ခင် ၁၂/သလန(နိုင်)၁၀၀၄၆၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေလေးအောင် (ဘ)ဦးအောင်သန်း ၁၂/အလန(နိုင်)၀၃၆၆၁၂က ပြန်လည်ဝယ်ယူရန် အတွက် ၎င်းအား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား မူရင်းများနှင့် တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆက်လက် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းနှင်းထွေး(LL.B) (စဉ်-၂၄၉၆၈)**
**အထက်တန်းရှေ့နေ**
**အမှတ်(F-၅၁)၊ သဇင်(၁၇)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၂၅၀၀၁၂၈၀၁**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၈၂/မမ/ပတ (CME/CE) | ဒီဇယ်ဆီ (၆၅၇,၅၀၀)ဂါလန် ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၂၈ . ၇ . ၂၀၂၃ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၄ . ၇ . ၂၀၂၃) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည် -

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၈၀/မမ/CME (NPT) | စက်ပစ္စည်း(၂၀)မျိုး ဝယ်ယူရန် |
| ၂ | ၈၁/မမ/CME (MIT) | ကွန်တိန်နာတင်ကုန်တွဲ(၁၅)တွဲ အသစ်တည်ဆောက်ရန် လိုအပ်သော ပစ္စည်း(၁၀)မျိုး ဝယ်ယူရန် (MS.I Section Beam အပါအဝင် တွဲအရန်ပစ္စည်း(၁၀)မျိုး) |
| ၃ | 12(T)21/MR/ISN | အင်းစိန်စက်ရုံအတွက် စက်ပစ္စည်း(၂၉)မျိုး ဝယ်ယူရန် |
| ၄ | 12(T)22/MR/MIT | - Axle Steel Solid Parallel Type (Y)- (100) Nos<br>- Spherical Roller Bearing with Sleeve (Steel or Brass Cage)-(260)sets |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၂၈ . ၇ . ၂၀၂၃ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၁၄ . ၇ . ၂၀၂၃) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည် -

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ မနော်ဟရီ (၁၁၀)လမ်း၊ ၅၁x၅၂လမ်းကြား၊ အကွက်အမှတ် (ဖဖ-၃)၊ ဦးပိုင်အမှတ် (၆+၁၇)၊ ဧရိယာ ပေ(၄၀x၁၂၀) အကျယ်အဝန်းရှိ မြေကွက်ပေါ်၌ တည်ဆောက်ထားသော "ရွှေမိုး"စည်ဘီယာဆိုင်ရှိ အဆောက်အအုံနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးအား ဗိုလ်ကြီးဝေယံပိုင်(ဘ)ဦးရဲတင့် ၈/တတက (နိုင်) ၁၈၅၂၆၀၊ မိုင်တိုင်(၃၃၄/၄)၊ တံတားဦးလေကြောင်းအရံကာကွယ်ရေးတပ် (၂၀၁၆)၊ တံတားဦးမြို့နယ်၊ မန္တလေးမြို့ နေထိုင်သူထံမှ ကျွန်ုပ်၏အမှုသည် ဦးမိုးလွင် (ဘ) ဦးကျော်အောင် ၅/မလန(နိုင်)၀၃၃၄၂၇ Garden City အိမ်ရာ၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့တွင် နေထိုင်သူသည် ၁၆-၅-၂၀၂၃ ရက်တွင် နှစ်ဦးသဘောတူ အရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆို၍ ရောင်းချသည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ စရန်ငွေပေးချေသည့် ပစ္စည်းရပ်များနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ထက် LL.B အထက်တန်းရှေ့နေ (စဉ်-၅၁၀၅၇)**
**နယ်မြေ(၃)၊ ပိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့၊ ဖုန်း-၀၉-၇၇၈၈၃၃၀၄၅၊ ၀၉-၆၇၈၅၆၆၆၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/77661 Yamaha FZ M/C ယာဉ်လက်ဝယ်ရှိသူ DT Naing Oo Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/4260 Toyota Toyoace Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိခိုင်ဝင်းမော် ၅/စကန(နိုင်)၁၇၅၆၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/ 1374 Sein Tun L/T(ST-01)P/U(4x2)R ယာဉ်လက်ဝယ်ရှိသူဒေါ်သူဇာနွယ် ၉/အမရ (နိုင်)၁၂၃၆၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/2696 HTILA M3 (HL-08) TRUCK (8x2)R (T/S) ယာဉ်လက်ဝယ်ရှိသူ ဦးနှင်းဦး ၅/ကနန (နိုင်)၀၂၉၆၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9R/ 4694 Toyota Corolla Cross ZSG Station Wagon (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာမင်း ၉/မဟမ(နိုင်)၀၄၅၄၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12U/2847 BAJAJ 200 Three Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၁၃/လရန(နိုင်)၁၈၅၉၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် Global Fund အဖွဲ့၏ ရန်ပုံငွေ RAI3E (2021-2023) ဖြင့် ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ရန်ကုန်ရုံးခွဲ(ကြို့ကုန်း)တွင် အောက်ဖော်ပြပါ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ အမှတ်-(Tender/NMCP/VBDC Warehouse/Reno/2023/1) အားခေါ်ယူအပ်ပါသည်-

(က) အလျား ၁၂၉၁ ပေ၊ အနံ ၂၀'၊ အထူ ၈ လက်မ ရှိသော ကွန်ကရစ်လမ်း တည်ဆောက်ခြင်းလုပ်ငန်း၊ Lot -1

(ခ) အလျား ၄၅၀ ပေ၊ အမြင့် ၇ ပေ ရှိသော အုတ်တံတိုင်း တည်ဆောက်ခြင်းလုပ်ငန်း၊ Lot -2

(ဂ) နှစ်ထပ်ရုံးအဆောက်အအုံ၏ ရှေ့မျက်နှာစာ၊ ဘေးဘက်၊ အပြင်နံရံနှင့် အတွင်းနံရံများဆေးသုတ်ခြင်းလုပ်ငန်း၊ Lot -3

တင်ဒါလျှောက်လွှာအား ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ရောဂါနှိမ်နင်းရေး ရုံး၊ ကုတင် (၁၀၀၀) ဆေးရုံဝင်း၊ နေပြည်တော်၌ လူကိုယ်တိုင် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါ အဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

**တင်ဒါစတင်သည့်ရက်** - ၂၀-၇-၂၀၂၃ ရက်
**တင်ဒါ ပိတ်သိမ်းမည့်** - ၃-၈-၂၀၂၃ရက်၊
**ရက်နှင့်အချိန်** မွန်းတည့်(၁၂:၀၀) နာရီ
**ဆက်သွယ်ရန်** - ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနစိတ်၊ ရောဂါနှိမ်နင်းရေးရုံး၊ ခုတင် (၁၀၀၀) ဆေးရုံဝင်း၊ နေပြည်တော်၊ ဖုန်း - ၀၆၇ ၄၂၂၅၆၅၊ ၀၉ ၇၉၉၅၅၃၆၈၇

**တင်ဒါလက်ခံစိစစ်ရွေးချယ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## "မွေးသက္ကရာဇ်အမှန်"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ SMEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade - 5 တန်းမှ (ဘ) ဦးမျိုးဝင်း ၁၂/သဃက (နိုင်)၀၈၁၇၁၆၏သမီး မစန္ဒီထွဋ်နိုင်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုမူရင်း/မွေးစာရင်းမူရင်းအရ ၂၇-၉-၂၀၁၁ ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားသူ-** **ဦးမျိုးဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကြည်စွမ်(ထားဝယ်)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၄၈၄)**
**ဖုန်း ၀၉ - ၄၄၇ ၄၄၇ ၅၂၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၉)၊ ဦးပိုင်အမှတ်(၆)၊ ၆၂x ၆၃ လမ်းကြား၊ ၁၃၄x၁၃၅လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ခင် ၉/မနမ(နိုင်)၀၂၁၁၁၂က ငွေသွင်းပြေစာမူရင်းပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး) ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်စာချုပ်တို့ကိုတင်ပြ၍ ဂရန်သက်တမ်းတိုး၊ တောမှမြို့ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၅)၊ ဦးပိုင်အမှတ်(၁-ဃ)၊ ၂၄x၂၅ လမ်းကြား၊ ၈၉x၉၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သောခင်ပွန်းဖြစ်သူ ဦးမြင့်ဆိုင် ကွယ်လွန်သဖြင့် ကျန်ရစ်သော ဇနီးဖြစ်သူ ဒေါ်ကြီး ၉/မနတ(နိုင်)၀၉၅၉၁၁က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂) ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃) ၊ ဦးပိုင်အမှတ်(၆၃-က)၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၀၂၇၅ ဧကရှိ ဒေါ်ခင်စောထွေး အမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စောသွေး (ဘ) ဦးမောင်မောင်ထွေး ၉/မနမ(နိုင်)၀၆၉၇၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေ ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-** **ဦးကျော်ထက်ဝင်း** ၉/ခအဇ(နိုင်)၀၀၇၅၉၅

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီချစ် (တရားလွှတ်တော်ရှေ့နေ)(စဉ်-၄၃၆၀ )**
**B.Sc, M.Sc (physics),D.B.L, H.G.P, RL.(ADVOCATE)**
**ဒေါ်မိုးမိုးခိုင် (စဉ်-၁၃၀၂၆)** **ဒေါ်ရတနာချစ်စု (စဉ်-၁၃၃၄၆)**
**ဒေါ်သန်းသန်းစိုး(စဉ်-၁၅၆၇)**
**(တရားလွှတ်တော်ရှေ့နေများ)**
**၈၇ အေ-လမ်း၊ ၃၄-လမ်း၊ ၃၅-လမ်းကြား၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၀၃၆၉၀၊ ၀၉-၂၀၅၀၅၆၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၁၇၅

ဦးရန်ဆန်ဇုန်း **တရားလို** နှင့် ဦးစိန်ကျော်လှ **တရားပြိုင်**

အကွက်(ဇဇ-၁၀/၆၂)၊ထွန်းတုံးရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ၊ ဦးစိန်ကျော်လှ(တ-က) (ဘ)ဦးငမဲအောင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရန်ဆန်ဇုန်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀ရက်(၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမင်းထွန်း )**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်း-၂၀)
## မြင်းခြံမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၄

မချမ်းသိမ့်ဇင် **(တရားလို)** နှင့် ကိုဇော်ဝင်းထွန်း(ခ)အငယ်လေး **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)၊ စ-၃/၇၆နေ ကိုဇော်ဝင်းထွန်း(ခ) အငယ်လေး (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

